သိပ္ပဋ္ဌ စေတံ မင်္ဂလ မုတ္တမံ၊ လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၇ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၅၉)

ယနေ့ထုတ်
စာမျက်နှာ
၂၀ ၂၁၄

လမ်းညွှန်မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘားအံမြို့ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ခန်းမဆောင်တွင် ကရင်ပြည်နယ် ဘားအံခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘားအံတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ရှေးယခင်ကာလနှင့်မတူ ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်လာသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရပြီ ဒေသတွင်းပူးလုံပြီး စီးပွားရေးကဏ္ဍအလိုက် ကုန်ထုတ်မှုတိုးတက်မှုဖွံ့ဖြိုးမှု အားကောင်းမည် ပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားရေး ဒေသတာဝန်ရှိသူများ ကြိုးစားလုပ်ကိုင်

ရန်ကုန် မတ် ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မတ် ၃ ရက် နံနက် ၁၀ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့မှ ကရင်ပြည်နယ် ဘားအံမြို့သို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိကြရာ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် ငွေသိန်း၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဘားအံမြို့မှကြိုဆို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် ခန်းမဆောင်၌ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘားအံခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ **ကျောဖုံးသို့** ✡

ကျောဖုံးသို့ ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ အာဘော်
(၂၀၀၄ ခုနှစ်၊ မတ်လ ၇ ရက်)

သဘာဝသယံဇာတများ တန်ဖိုးတက်လာရေး လူ့လုပ်အားဖြင့် ကြိုးပမ်းအားထုတ်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးနေသည်။ ဖွံ့ဖြိုးရေးဒေသများဖြစ်သည့် ထားဝယ်နှင့်မြိတ်တို့၌ လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံအဆောက်အအုံများကို နိုင်ငံတော်က ဖြည့်ဆည်းပေးထားပြီး ဖြစ်သည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံများ ပြည့်စုံမှုရှိရန် အရေးကြီးသည်။ ကားလမ်းဆိုလျှင် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံး ကော့သောင်းမြို့အထိ သွားနိုင်သည့် ရေး-ထားဝယ်-မြိတ်-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးကို ဖောက်လုပ်ထားပြီး လိုအပ်သော မြစ်ကူး၊ ချောင်းကူး တံတားအားလုံးကိုလည်း တည်ဆောက်ထားပြီး ဖြစ်သည်။

ရေး-ထားဝယ် ရထားလမ်းဖြင့် မော်လမြိုင်မှထားဝယ်သို့ နေ့ချင်းပေါက်သွားလာနိုင်ပြီး အဆင့်မြှင့်ပြုပြင်ဆောင်ရွက်နေသည့် လမ်းပိုင်းပြီးစီးသွားပါက ယခုထက်အချိန်တိုတောင်းစွာ မြန်မြန်ဆန်ဆန်သွားနိုင်တော့မည် ဖြစ်သည်။

တည်ဆောက်လျက်ရှိသည့် သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်)ပြီးစီးပါက ရန်ကုန်မြို့နှင့်ပါ တိုက်ရိုက်မြန်ဆန်စွာ ဆက်သွယ်သွားလာနိုင်ပြီး ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုမှာ ပိုမိုအရှိန်အဟုန်ရရှိလာမည် ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မတ်လ ၁ ရက်နေ့ နံနက်ပိုင်းက ထားဝယ်မြို့ မြို့တော်ခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ထားဝယ်ခရိုင်နှင့် ထားဝယ်၊ သရက်ချောင်း၊ ရေဖြူနှင့် လောင်းလုံးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲ၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်-

"နိုင်ငံတော်အနေဖြင့် ဖြူသည် မည်းသည်၊ နီးသည် ဝေးသည် ခွဲခြားမှုမရှိဘဲ ပြည်ထောင်စုတိုင်းရင်းသားများအားလုံး တတ်နိုင်သမျှ ဆူကြံ့နိမ့်မြင့် ကွာဟမှုလျော့နည်းပြီး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိနေကြောင်း၊ နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပေးရမည်တို့ကို တာဝန်ကျေကျေ ပံ့ပိုးဖြည့်ဆည်းပေးပြီးဖြစ်ရာ ထားဝယ်ဒေသ အပိုင်းကလည်း ကုန်ထုတ်လုပ်မှု မြင့်မားလာအောင်၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ်ကြရန် လိုအပ်ကြောင်း၊ ဒေသတွင်းရှိ သဘာဝသယံဇာတ အရင်းအမြစ်များကို လူ့လုပ်အားဖြင့် တန်ဖိုးတက်လာအောင် ကြိုးပမ်းရင်း ထိထိရောက်ရောက် အားကြိုးမာန်တက် အလုပ်လုပ်သွားမှသာလျှင် ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာမည်ဖြစ်ကြောင်း"

မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ထားဝယ်တက္ကသိုလ်သို့ ရောက်ရှိကြပြီး ထားဝယ်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ ကထိကများ၊ နည်းပြများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အဆင့်မြင့်အသိပညာရှင်၊ အတတ်ပညာရှင် လူ့အရင်းအမြစ် ပြည့်စုံစွာ ရှိရန်လိုအပ်ပုံ၊ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း ချမှတ်၍ လိုအပ်သောအခြေခံများ ထူထောင်ခဲ့ရပုံ၊ ဆက်လက်ပြီး အရည်အချင်းမြင့်မားသော လူ့အရင်းအမြစ်များ မွေးထုတ်နိုင်အောင် ကြိုးပမ်းကြရန် လိုအပ်ပုံတို့ကို လမ်းညွှန်မှာကြားသည်။

ထို့အပြင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် လောင်းလုံးမြို့နယ် မောင်းမကန်ကမ်းခြေ ဖွံ့ဖြိုး စည်ပင်သာယာလှပရေးလုပ်ငန်းကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းညွှန်မှာကြားခဲ့သည်။

သို့ဖြစ်ရာ တနင်္သာရီတိုင်း ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများကို နိုင်ငံတော်က ဖြည့်ဆည်းပေးပြီးဖြစ်သည့်အလျောက် ဒေသတွင်းရှိ သဘာဝသယံဇာတများ တန်ဖိုးတက်လာရေး လူ့လုပ်အားဖြင့် ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ပျဉ်တိုးကလေးကျေးရွာအနီး အစမ်းတွင်းတူးဖော်မည့်လုပ်ငန်း သတ်မှတ်ကာလပြီးစီးရေး ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းငွေ မှာကြား

ရန်ကုန် မတ် ၆

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူး(စီမံရေး) ဦးမြင့်ကြည်၊ အထွေထွေမန်နေဂျာ(ပိုက်လိုင်း) ဦးသန်းထွဋ်တို့လိုက်ပါလျက် မတ် ၄ရက် နံနက် ၁၀ နာရီက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ပန်းတနော်မြို့နယ် ပျဉ်တိုးကလေးကျေးရွာအနီး အစမ်းတွင်းတူးဖော်မည့်လုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့အား ကြီးကြပ်ရေး အင်ဂျင်နီယာ ဦးသန်းအောင်နှင့် တာဝန်ရှိသူများက အစမ်းတွင်းတူးဖော်ရန်ပြင်ဆင်နေမှုများ၊ စက်ယန္တရားရောက်ရှိနေမှု အခြေအနေများ၊ မိုးရာသီသွားလာနိုင်ရေး လမ်းဖောက်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ရေး ဖြည့်စွက် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အစမ်းတွင်းတူးဖော်ရန် နေရာပြင်ဆင်နေမှု၊ တပ်မတော်သားများမှ လမ်းဖောက်လုပ်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး အားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညောင်တုန်း ရေနံမြေသို့ ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။ အင်ဂျင်နီယာချုပ်(တူးဖော်ရေး) ဦးရဲခေါင်က ထုတ်လုပ်မှု အခြေအနေများ၊ ဆီသိုလှောင်ကန် ဆောက်လုပ်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက် ဆွေးနွေးညှိနှိုင်းပေးခဲ့ပြီး ဆက်လက်ထွက်ခွာလာရာ မယ်ဇလီကျေးရွာနှင့် မငေးစုကျေးရွာကြားရှိ ညောင်တုန်း-ရွာမ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသစ် ဆက်သွယ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိသည်။ လုပ်ငန်းခွင်အမှုဆောင်အင်ဂျင်နီယာ ဦးသန်းရွှေက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မိုးမကျမီ လုပ်ငန်းများ ပြီးမြောက်အောင် ဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်)သင်္ဃန်းကျွန်းမြို့နယ် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၂ရက်က အထက(၁) သင်္ဃန်းကျွန်း၌ ကျင်းပရာ ရန်ကုန်တိုင်း ဆို၊ က၊ ရေး၊ တီး အရေးပြိုင်ပွဲ၊ ဂီတာအတီးပြိုင်ပွဲ၊ ကမ္ဘာ့ကုလသမဂ္ဂနေ့ ပန်းချီပြိုင်ပွဲ၊ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ပန်းချီပြိုင်ပွဲတို့တွင် ပထမဆုများရရှိခဲ့သည့် မအေးမြတ်သူ အမက(၈) သင်္ဃန်းကျွန်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"သစ္စဉာဏ်၊ ကစ္စဉာဏ်၊ ကတဉာဏ်"**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Measures of location (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြင့်မြတ်နှလုံးသား"** (အပိုင်း-၁) သရုပ်ဆောင်-လွင်မိုး၊ ဇင်ဝိုင်း၊ ထက်ထက်မိုးဦး၊စိုးမြတ်သူဇာ (ဒါရိုက်တာ-ဝေမှိုင်းညို)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"**(အပိုင်း-၁၇)

ဓမ္မာရုံသစ်ဖွင့်ပွဲနှင့် တရားပွဲများကျင်းပမည်

ရန်ကုန် မတ် ၆

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက်၌ အသစ်ဆောက်လုပ်ပြီးစီးသော သာသနရက္ခိတဓမ္မာရုံကြီး ဖွင့်ပွဲအခမ်းအနားကို မတ်၇ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ညစဉ်တရားပွဲများအဖြစ် မတ် ၇ရက်တွင် အရှင်ခေမာသိရိလင်္ကာရ (သီတဂူကြာတစ်ပွင့်)မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ပိဋကတ်တစ်ပုံခွဲဆောင်ကလည်းကောင်း၊ ၈ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) ခေမကန်ကျောင်းတိုက်မှ ဓမ္မကထိက စစ်ကိုင်း ဦးခေမိန္ဒကလည်းကောင်း၊ ၉ ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ်ည ၈နာရီမှစ၍ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

7-3 (2).p65 1 3/24/05, 9:16 PM

မြို့နယ်အဆင့်တာဝန်ခံများ ပေးအပ်ထားသည့်ရည်မှန်းချက်တာဝန်များအောင်မြင်အောင်အကောင်အထည်ဖော် ဒေသတိုးတက်ရာတိုးတက်ကြောင်း တီထွင်ကြံဆကြိုးပမ်းချက် အထက်အဆင့်ဆင့်သို့အချိန်နှင့်တစ်ပြေးညီတင်ပြ အထက်အဆင့်များကလည်း အခြေခံမှတင်ပြချက်များကို ဖြေရှင်းဖြည့်ဆည်းပေးနိုင်မှ မြို့နယ်များဖွံ့ဖြိုးမည်

ရန်ကုန် မတ် ၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာကြရာ နံနက် ၈ နာရီတွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ရှင်းလင်းခန်းမ၌ စက်မှုဇုန် တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်က ပတ္တမြားစက်မှုဇုန်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ဖော်ထုတ်ပြီးမြေကွက်၊ လုပ်ငန်းရှင်များအား ချထားပြီးမြေကွက်၊ တည်ဆောက်ပြီးဖြစ်သည့် ဝိုင်ယာကြိုးစက်ရုံ၊ ကွန်ကရစ်ဓာတ်တိုင်စက်ရုံ၊ ကျားခေါင်းပလတ်စတစ်လက်နှိပ်ဓာတ်မီးစက်ရုံ၊ ရွှေမြန်မာသံရည်ကျိုနှင့် သံနန်းဆွဲစက်ရုံ၊ တံခွန် သစ်အခြေခံစက်ရုံ၊ဟုန်စိမ်းသစ်အချောကိုင်စက်ရုံ၊ Sunချည်မျှင်အပင်ပေါင်းနှင့် ဆေးဆိုးစက်ရုံ၊ ကောင်းမြတ် သစ်အချောကိုင်စက်ရုံ၊ သန်းအောင် သစ်အချောထည်စက်ရုံနှင့် အောင်သုခ သစ်အချောထည်စက်ရုံများ၏ အခြေအနေနှင့် တည်ဆောက်ဆဲ စက်ရုံများ၏ အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ စက်မှုဇုန်လုပ်ငန်းရှင်များက ပတ္တမြားစက်မှုဇုန်အတွင်း မိမိတို့စက်ရုံအလိုက် လုပ်ငန်းလည်ပတ်နေမှုအခြေအနေ၊ ထုတ်ကုန်ပစ္စည်းနှင့် ဖြန့်ဖြူးရောင်းချမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားပြီး ကောဘယ်လ်ဝါယာ စက်ရုံလုပ်ငန်းခွင်သို့ သွားရောက်၍ ထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ရှိ ပညာရေးတက္ကသိုလ်(စစ်ကိုင်း)သို့ရောက်ရှိကြရာ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိမ်းမြင့်၊ ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း၊ပါမောက္ခ၊ ဌာနမှူးများ၊ ကထိကများနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ ရှင်းလင်းခန်းမ၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်ကပညာရေးတက္ကသိုလ်(စစ်ကိုင်း) သမိုင်းအကျဉ်း၊ ဖွင့်လှစ်ထားသော သင်တန်းများ၊ ကျောင်းသားဦးရေ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၏ သင်တန်းများ၊ ကွန်ပျူတာ ၁၄၄လုံး တပ်ဆင်သင်ကြားနေသော IT စာသင်ခန်း၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီး အင်အားအပါအဝင် သင်ကြားစီမံကိန်းရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတစ်ဝန်းလုံးတွင် အခြေခံပညာကျောင်းများ အသစ်ဖွင့်လှစ်ခြင်း၊ ကျောင်းများ အဆင့်တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသဖြင့် ဆရာ ဆရာမများ အင်အားတိုးမြှင့်ရန် လိုအပ်လျက်ရှိရာ ပညာရေးဝန်ကြီးဌာနက လိုအပ်သော ဆရာ ဆရာမအင်အား အချိုးညီဖြည့်ဆည်းနိုင်ရေး စီမံချက်ချဆောင်ရွက်ရန်မှာကြားသည်။

ပင်မဆောင်ဆောက်ရန်မှာကြား

ဆက်လက်၍ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းက ပညာရေးတက္ကသိုလ်(စစ်ကိုင်း)၌ စာသင်ဆောင်၊ လက်တွေ့ဆောင်၊ စီမံခန့်ခွဲရေးဆောင်၊ ဆေးရုံနှင့် အဝင်လမ်းမကြီးတည်ဆောက်ပြီးစီးနေမှု၊ အဝင်မုခ်ဦးတည်ဆောက်ရန် စီစဉ်ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တက္ကသိုလ်ပရဝဏ် စိမ်းလန်းစိုပြည်ရေး၊ တက္ကသိုလ်၌သုံးထပ်ပင်မဆောင် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပညာရေးတက္ကသိုလ်(စစ်ကိုင်း)ရှိ e-Education Resoursce Centre, Language Lab နှင့် Computer Centreတို့ကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ တံခွန်သစ်အခြေခံစက်မှု လက်မှုကုမ္ပဏီလီမိတက် စက်ရုံ၌ တန်ဖိုးမြင့်သစ်အချောထည်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပညာရေးတက္ကသိုလ် (စစ်ကိုင်း)ရှိ e-Education Resource Centre, Language Lab ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သစ်အချောထည်ထုတ်လုပ်မှုတင်ပြ

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ တံခွန် သစ်အခြေခံစက်မှု လက်မှုကုမ္ပဏီလီမိတက်သို့ ရောက်ရှိကြရာ ဒါရိုက်တာအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းထွန်းနှင့် ဦးခိုင်မင်းတို့က စက်ရုံ၏ တည်နေရာနှင့် အကျယ်အဝန်း၊ စက်ရုံအဆောက်အအုံများ၏ အကွက်ချပုံစံ၊ အသုံးပြုသည့်ကုန်ကြမ်းပစ္စည်းများ၊ စက်တပ်ဆင်မှု၊ တန်ဖိုးမြင့် လေးဘက်ချောသစ်ခွဲသားအမျိုးမျိုး၊ တံခါး၊ ပြတင်းပေါက်၊ တံခါးပေါင်၊ ကြမ်းခင်းတုံးအမျိုးမျိုး၊ မျက်နှာကြက်အမျိုးမျိုး အပါအဝင်တန်ဖိုးမြင့်သစ်အချောထည်များထုတ်လုပ်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားပြီး စက်ရုံအတွင်း သွားရောက်၍ တန်ဖိုးမြင့်သစ်အချောထည်များ ထုတ်လုပ်နေမှုကို ကြည့်ရှုကြသည်။

ပူဇော်ကန်တော့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သို့ ရောက်ရှိကြပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ မဟာဂန္ထဝါစက ပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ အား ပူဇော်ကန်တော့ကြသည်။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရနှင့်အတူ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှိအဆောင်များကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ သဒ္ဓမ္မဇောတိကာ (သိမ်တော်ကြီး) ဘွဲ့နှင်းသဘင်ဆောင် တည်ဆောက်မည့် ပုံစံငယ်ကို ကြည့်ရှုပြီး ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မင်းကွန်းသို့ သွားရောက်၍ မင်းကွန်းတိပိဋကဓိဝိတဒါန တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲ၊ ရွှေစင်တိပိဋက ကျောင်းတော်ဖွင့်ပွဲနှင့် ရေစက်ချပွဲ အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြသည်။

တံတားဦးမြို့မှကြိုဆို

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် တံတားဦးမြို့သို့ ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသူကျောင်းသားများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ တံတားဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တံတားဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က တံတားဦးဒေသ၏ နောက်ခံသမိုင်း၊ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မြေအသုံးချမှု၊ လယ်မြေယာမြေကိုင်းမြေဥယျာဉ်မြေ စိုက်ပျိုးမြေစုစုပေါင်း၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးထားမှု၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုနှင့် အထွက်နှုန်း၊ ဝါ၊ ပဲစင်းငုံ၊ မြေပဲ၊ နေကြာ၊ နှမ်းစိုက်ပျိုးထားမှုနှင့် အထွက်တိုးရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ စိုက်ပျိုးရေပိုမိုရရှိရန် ဆောင်ရွက်နေမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ ဒေသဝမ်းစာဖူလုံမှု၊ လမ်းပန်းဆက်သွယ်မှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ ဓိဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၊ မြို့ရေပေးရေး စီစဉ်ဆောင်ရွက်နေမှုနှင့် လုပ်ငန်း လိုအပ်

စာမျက်နှာ ၆ ကော်လံ ၁

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်မြို့ တယ်လီဖုန်းဆက်သွယ်ရေးရုံးအဆောက်အအုံအနီး ဒုံးကျည်တစ်စင်းကျရောက်ပေါက်ကွဲ၍ အီရတ်သုံးဦးသေဆုံး

ဘဂ္ဂဒက် မတ် ၅

ဘဂ္ဂဒက်မြို့ရှိ တယ်လီဖုန်းဆက်သွယ်ရေးရုံးအနီးရှိ လမ်းမတစ်ခုအတွင်း၌ ဒုံးကျည်တစ်စင်း မတ် ၄ ရက်က ကျရောက်ပေါက်ကွဲသဖြင့် လူသုံးဦးထက်မနည်း သေဆုံးသွားကြောင်း အီရတ်ရဲက ပြောကြားသည်။

ဗုဒ္ဓဟူးနေ့တွင်လည်း ဘဂ္ဂဒက်ရှိ အခြားတယ်လီဖုန်းဆက်သွယ်ရေးရုံးတွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ ဖောက်ခွဲဖျက်ဆီးရေးပုံစံသစ်တွင် ပြောက်ကျားများသည် အီရတ်၏ဆက်သွယ်ရေးစနစ်ကို ပစ်မှတ်ထား တိုက်ခိုက်လာနေသည်ဆိုသော စိုးရိမ်မှုများ ဖြစ်ပေါ်လာခဲ့သည်။ အီရတ်နိုင်ငံ၏ စွမ်းအင်အခြေခံအဆောက်အအုံမှာ မကြာခဏ အတိုက်ခံနေရသည်။

သေဆုံး

ဒုံးကျည်သည် မြေပြင်တစ်လျှောက် လျှောသွားခဲ့ပြီးနောက် ကားတစ်စီးကိုထိမှန်ပြီး ကားပေါ်ရှိ လူများသေဆုံးခဲ့သည်ဟု မတ် ၄ ရက်က ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာ နေရာ၌ရှိသော ရဲကပြောကြားသည်။ သုံးဦးသေပြီး နှစ်ဦးဒဏ်ရာရရှိသည်ဟု အဆိုပါရဲက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုဖြစ်ပွားအပြီး အီရတ်အချို့က အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများ အော်ဟစ်ခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

မတ် ၅ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြနေသော အီရတ်ပြည်သူများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲကြောင့် ကမ္ဘာတွင်အကြမ်းဖက် ခြိမ်းခြောက်မှုပိုများလာ အေပီသတင်းဌာန လူထုသဘောထားကောက်ယူချက်၌ ဖော်ပြ

ဝါရှင်တန် မတ် ၅

အမေရိကန်ပြည်ထောင်စုနှင့် နယ်ချင်းထိစပ်နေသော နှစ်နိုင်ငံအပြင် ဥရောပ အဓိကငါးနိုင်ငံရှိ လူအများစုက မိမိတို့သည် အီရတ်စစ်ပွဲကြောင့် ကမ္ဘာတွင် အကြမ်းဖက်သည့်ခြိမ်းခြောက်မှုများ ပိုဖြစ်လာသည်ဟုထင်ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည့် လူထုသဘောထားကောက်ယူချက်၌ တွေ့ရသည်။

အမေရိကန်ပြည်ထောင်စုတွင် ပြည်သူများသည် အီရတ်စစ်ပွဲကြောင့် အကြမ်းဖက်သည့် ခြိမ်းခြောက်မှု လျော့သွားသည် သို့မဟုတ် တိုးလာသည်ဆိုခြင်းအပေါ် သဘောကွဲခဲ့ကြသည်ဟု ဆိုသည်။

ပြုလုပ်

အေပီ၌ ဖော်ပြခဲ့သည့် လူထုသဘောထားကောက်ယူမှုကို နိုင်ငံတကာဆိုင်ရာ လူထုသဘောထားကောက်ယူရေးကုမ္ပဏီဖြစ်သော အစ်ပ်ဆော့စ်က ပြုလုပ်ခြင်း ဖြစ်သည်။ အဆိုပါကုမ္ပဏီသည် ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီ၊ မက္ကဆီကို၊ စပိန်နှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ရှိသည်။

အမေရိကန်ပြည်ထောင်စုက လွဲ၍ လူထုသဘောထား ကောက်ယူခဲ့သော နိုင်ငံအသီးသီးရှိလူအများစုက အကြမ်းဖက်သည့် ခြိမ်းခြောက်မှုသည် ယခုအခါ ကြီးထွားလာကြောင်း၊ စစ်ပွဲကြောင့် အကြမ်းဖက်သည့် ခြိမ်းခြောက်မှု လျော့သွားသည်ဟု ပြောသူမည်သည့် ဥရောပနိုင်ငံများတွင်မဆို ၁၀ဦးလျှင် တစ်ဦးမရှိကြောင်း သိရသည်။

ပိုဆိုးလာ

ကနေဒါနှင့် ပြင်သစ်နိုင်ငံတို့တွင် အကြမ်းဖက်သည့်ခြိမ်းခြောက်မှုတိုးလာကြောင်း ခံစားသိရှိသူ ထက်ဝက်ကျော်ရှိပြီး ဂျာမနီ၌ လေးပုံသုံးပုံက အီရတ်စစ်ပွဲသည် အကြမ်းဖက်မှုပြဿနာကို ပိုဆိုးလာစေသည်ဟု သိရသည်။

မြင့်မား

အီတလီနှင့် ဂျာမနီ၌ အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်သူ အလွန်မြင့်မားရာ ၁၀ ဦးလျှင် ခုနစ်ဦးက အလွန်စိုးရိမ်ထိတ်လန့်ကြောင်း ပြောဆိုကြသည်။ စပိန်နိုင်ငံတွင်လည်း အကြမ်းဖက်မှုကို စိုးရိမ်ထိတ်လန့်သူ ၈၅ ရာခိုင်နှုန်းမျှ ရှိသည်။

(အင်တာနက်)

မြို့နှစ်မြို့၌ အီရတ်အများအပြားသေဆုံးခဲ့ရမှု ကန်တို့၌ တာဝန်ရှိကြောင်း အပြစ်တင်

ဘဂ္ဂဒက် မတ် ၅

အီရတ်နိုင်ငံက မြို့ကြီးနှစ်မြို့တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုများဖြစ်ခဲ့သည့် အင်္ဂါနေ့၌ လူပေါင်းများစွာ သေဆုံးခဲ့ရခြင်းနှင့်ပတ်သက်ပြီး အမေရိကန်တို့မှာ တာဝန်ရှိကြောင်း အီရတ်အများစုက ဆန္ဒပြကာ အပြစ်တင် ပြောကြားကြသည်။

အီရတ်ပြည်သူတို့ စည်းလုံးညီညွတ်မှုရှိကြရန်နှင့် အမေရိကန်များ အီရတ်မှ အမြန်ထွက်ခွာကြရန် အီရတ်တို့က ကြွေးကြော်ဆန္ဒပြခဲ့ကြသည်။ ထို့အပြင် စစ်ရေးအရ ထိန်းချုပ်ထားသော လုပ်ပိုင်ခွင့်များကို အီရတ်တို့ထံ အမေရိကန်တို့က လွှဲပြောင်းပေးရန်လည်း ဆန္ဒပြသူအများစုက တောင်းဆိုခဲ့ကြသည်။

အသေအပျောက် များပြားလှသော ယင်းတိုက်ခိုက်မှုများကို အမေရိကန်တို့က ခွင့်ပြုခဲ့ခြင်းကြောင့် ဖြစ်ကြောင်းလည်း ခေါင်းဆောင်များက ဝေဖန်ပြောကြားကြသည်။ ထို့အပြင် အီရတ်နိုင်ငံ နယ်စပ်ဒေသများကို အမေရိကန်တို့ လျစ်လျူရှုခဲ့ခြင်းကြောင့် ယခုလိုတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း အီရတ်ခေါင်းဆောင်များက သုံးသပ်ခဲ့ကြသည်။

ကာဘာလာမြို့၌ ဗုံးပေါက်ကွဲတိုက်ခိုက်မှုသည် အီရတ်နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်လာသော တိုက်ခိုက်ရေးသမားများ လက်ချက်ဖြစ်နိုင်ကြောင်း အမေရိကန်အရာရှိများက သံသယဖြစ်လျက် ရှိကြသည်။

(စီအင်န်အင်န်)

ရှေးဟောင်းစာအုပ် ၉၀၀၀ ကျော် တရုတ်၌ တွေ့ရှိ

ပေကျင်း မတ် ၅

တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ ရှင်ဂျာဝေဂါဒေသ၌ ရှေးဟောင်းစာအုပ် ၉၀၀၀ ကျော်ခန့်ကို ရှေးဟောင်းသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြသည်။ အဆိုပါ စာအုပ်များသည် အာရေဗျ၊ ပါရှန်၊ ဥဇာဘက် ဘာသာစကားများအပါအဝင် ဘာသာစကား ၁၃ မျိုးဖြင့် ရေးသားထားသည့် စာအုပ်များဖြစ်ကာ ဘာသာဗေဒ၊ စာပေ ယဉ်ကျေးမှု၊ သမိုင်း၊ ဘာသာရေး၊ ဆေးဖက်ဆိုင်ရာ၊ သင်္ချာဘာသာ အပါအဝင် လူမှုရေးနှင့် သိပ္ပံပညာဆိုင်ရာ ရှုထောင့်အကြောင်းအရာ အမျိုးမျိုး ရေးသားထားသော စာအုပ်များ ဖြစ်ကြသည်။ **(စီစီတီဗွီ)**

အီရတ်လက်နက် ထောက်လှမ်းရေး အစီရင်ခံစာကိစ္စ အမေရိကန် ထောက်လှမ်းရေး အဖွဲ့များ၏ အကြီးအကဲများကို စစ်ဆေးမေးမြန်း

ဝါရှင်တန် မတ် ၅

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်ပြီး ကျူးကျော်တိုက်ခိုက်ပြီးနောက် တွေ့ရှိခဲ့ရသည့် ခြိမ်းခြောက်မှုအနေအထားထက် ပိုပြင်းထန်သည်ဟု ဝေဖန်သူများက ပြောဆိုခဲ့သော စစ်ကြိုခေတ် အီရတ်လက်နက်အစီအစဉ် ခန့်မှန်းချက်များနှင့်စပ်လျဉ်း၍ အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီသည် အဓိကကျသော အမေရိကန်ထောက်လှမ်းရေးအဖွဲ့များ၏ အကြီးအကဲများကို မတ် ၄ ရက်က တံခါးပိတ် စစ်ဆေးမေးမြန်းခဲ့သည်။

မေးမြန်း

အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီသည် ထိုနေ့က စီအိုင်အေ၊ အမျိုးသားလုံခြုံရေးကောင်စီ၊ ကာကွယ်ရေးဌာန ထောက်လှမ်းရေးအေဂျင်စီ၊ အမျိုးသား ဘူမိ အာကာသဆိုင်ရာ ထောက်လှမ်းရေးအေဂျင်စီတို့မှ ညွှန်ကြားရေးမှူးများကို ခေါ်ယူမေးမြန်းခဲ့သည်။

စီစဉ်

အီရတ်၌ အဖျက်စွမ်းအားကြီးမားသော လက်နက်များရှိသည်၊ မရှိသည်ဆိုသော ကိစ္စသည် နိုဝင်ဘာ သမ္မတရွေးပွဲမတိုင်မီ နိုင်ငံရေးပြဿနာတစ်ခု ဖြစ်လာသည်။ ရီပတ်ဘလစ်ကင်တို့က ကောက်ချက်ချရန် အလွန်စောသေးကြောင်း ပြောဆိုကြပြီး ဒီမိုကရက်တို့က စစ်ပွဲကိုထောက်ခံမှုရဖို့အတွက် ခြိမ်းခြောက်သည့်အနေအထားကို အိမ်ဖြူက ချဲ့ကားခြင်း ရှိ၊ မရှိ မေးခွန်းထုတ်ခဲ့ကြသည်။

အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီသည် ဧပြီလ၌ ထုတ်ပြန်ဖွယ်ရှိသော ယင်း၏ အစီရင်ခံစာ အပြီးမသတ်မီ စီအိုင်အေညွှန်ကြားရေးမှူး ဂျော့ချ်တီနက် နောက်ထပ်မေးခွန်းများကို လာရောက်ဖြေဆိုရန် စီစဉ်ထားသည်။

အမ်အင်အေ၊ရိုက်တာ

မတ် ၅ ရက်က ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

7-3 (4).p65 1 3/24/05, 9:17 PM

အမေရိကန်တို့၏ ကျူးကျော်မှုကြောင့် အီရတ်ပြည်သူများ ဒုက္ခမျိုးစုံကြုံတွေ့နေ

အမေရိကန်တို့ လုံခြုံမှုမပေးနိုင်၍ အီရတ်အုပ်ချုပ်မှုကောင်စီ ပြစ်တင်ပြောကြား

မတ် ၅ ရက်က ဘဂ္ဂဒက်မြို့ပေါ်မှ အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်း ကင်းလှည့်ပျံသန်းနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မတ် ၅ ရက်က ဘဂ္ဂဒက်မြို့၌ ဒုံးကျည်ကျရောက်ပေါက်ကွဲသည့် နေရာ၌ သေဆုံးခဲ့ရသူများ အတွက် ဆုတောင်းပွဲပြုလုပ်ရန် ပြင်ဆင်နေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မတ် ၆ ရက်က ဘဂ္ဂဒက်မြို့၌ လမ်းဘေးဗုံးထိမှန်မှုကြောင့် ပျက်စီးနေသော အမေရိကန်စစ်ယာဉ်တစ်စီးအနီးတွင် အမေရိကန်တပ်ဖွဲ့ဝင်များ သံချပ်ကာယာဉ်ဖြင့် လုံခြုံရေးစောင့်ကြပ်နေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း

အီရတ်မြင်ကွင်း

ပျက်စီးယာဉ်ကြည့်ရှု

မတ် ၄ ရက်ညပိုင်းက ဘဂ္ဂဒက်မြို့အရှေ့တောင်ပိုင်း တယ်လီဖုန်းရုံးအနီးတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်သည့် ဒုံးကျည်ထိမှန်၍ ပျက်စီးသွားသော အီရတ်ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်အလံလွှင့်ထူ

မတ် ၂ ရက်က ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲခဲ့ပြီးနောက် အီရတ်အလံကိုလွှင့်ထူထားသော အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

စာမျက်နှာ ၃ မှ

ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြေငူအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကိုအခြေခံပညာအထက်တန်းအဖြစ်လည်းကောင်း၊ ထန်းလုံးတပ်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ တံတားဦးပြည်သူ့ဆေးရုံဓာတ်ခွဲခန်းကိုအဆင့်မြှင့်တင်ခြင်းကိုလည်းကောင်း ဆောင်ရွက်ပေးပြီးအမှာစကားပြောကြားရာတွင် တံတားဦးဒေသသည် ရှေးမြန်မာမင်းများလက်ထက်က ဖွံ့ဖြိုးစည်ပင်ခဲ့သော ဒေသကြီးတစ်ခုဖြစ်သော်လည်း ကိုလိုနီအုပ်ချုပ်ရေးလက်အောက်တွင် မြို့ကြီးပြကြီးအဆင့်မှလျှော့ကျကာဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးလာခဲ့ရကြောင်း။

သို့ရာတွင် တံတားဦးဒေသသည် သမိုင်းအစဉ်အလာကြီးမားပြီး ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းယဉ်ကျေးမှုအငွေ့အသက်များဖြင့်ကြွယ်ဝသည့် ဒေသတစ်ခုဖြစ်ကြောင်း။

အလားအလာကောင်းရှိ

ထို့အပြင် မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သော မန္တလေးမြို့တော်နှင့် အလှမ်းမကွာဝေးလှဘဲ လမ်းပန်းဆက်သွယ်ရေးလည်းအထိုက်အလျောက်ကောင်းမွန်သည့်အပြင် ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများလည်းရှိသည့် မြို့တစ်မြို့ဟု ဆိုရမည်ဖြစ်ကြောင်း။

မြို့နယ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် ဒေသ၏အခြေခံစီးပွားရေး တိုးတက်ကောင်းမွန်ရေးသည် အဓိကပင်ဖြစ်ကြောင်း၊ မြို့နယ်တိုင်း စီးပွားရေးတိုးတက်ကောင်းမွန်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ပါမှ အခြေခံဒေသဖြစ်သော မြို့နယ်များပေါင်းရုံးပြီး ပြည်ထောင်စုကြီး တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လျက် အမျိုးသားစီးပွားရေးဘဝလည်း တိုးပွားခိုင်မာမှာအမှန်ပင်ဖြစ်ကြောင်း။

သို့ဖြစ်၍ မြို့နယ်အဆင့် တာဝန်ရှိသူ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိမြို့နယ် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဘဝတိုးတက်မြင့်မားရေးအတွက် မိမိတို့၏တာဝန်အပြင် ဝီရိယအားနှင့် စေတနာအားပါ စိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

မြို့နယ်အဆင့် တာဝန်ခံများအနေဖြင့် မိမိတို့ကို ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များ အောင်မြင်စွာ အကောင်အထည်ပေါ်စေရေးအတွက် မိမိလက်အောက် ဝန်ထမ်းများကို ခေါင်းဆောင်ကောင်းပီသစွာ စီမံခန့်ခွဲပြီး မိမိဌာနဆိုင်ရာ လုပ်ငန်းတာဝန်အလိုက်၊ လုပ်ငန်းကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု အလားအလာများ၊ အားနည်းချက်၊ အားသာချက်များ၊ လိုအပ်ချက်များကို အမြဲမပြတ်ဆန်းစစ်သုံးသပ်လျက် တိုးတက်ရာ တိုးတက်ကြောင်းကို နည်းလမ်းရှာဖွေကြံစည် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ယင်းကဲ့သို့ မိမိဒေသ တိုးတက်ရာတိုးတက်ကြောင်း တီထွင်ကြံဆကြိုးပမ်းဆောင်ရွက်ရင်း မိမိစွမ်းဆောင်နိုင်ခြင်းမပြုနိုင်သော လုပ်ငန်းကိစ္စရပ်များကို အထက်အဆင့်ဆင့်သို့ မှန်ကန်တိကျစွာ အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန်လိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အခြေခံဒေသမြို့နယ်များ၊ ကျေးလက်များအထိဆင်းပြီး ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ ယနေ့လည်း ယင်းသဘောထားနှင့်အညီ မိမိတို့အဖွဲ့သည် တံတားဦးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စေရန် စေတနာဖြင့် လာရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း။

ဖြည့်ဆည်းပေးမှဖွံ့ဖြိုးမည်

သို့ရာတွင် နိုင်ငံတော်တာဝန်ရှိသူများ၊ဗဟိုအဆင့်မှ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အခြေခံဒေသဖြစ်သော မြို့နယ်တိုင်းသို့ အမြဲမပြတ်လာရောက်နိုင်ခြင်းမရှိရာ မြို့နယ်အဆင့် တာဝန်ခံများ၏ ကြိုးစားအားထုတ်မှု၊ လိုအပ်ချက်များကို အထက်အဆင့်သို့ မှန်ကန်စွာ တင်ပြနိုင်မှု၊ အထက်အဆင့်များကလည်း အခြေခံဒေသများမှ တင်ပြချက်များအပေါ် အလေးထားဖြေရှင်း ဖြည့်ဆည်းပေးနိုင်မှုတို့ ဖြစ်ထွန်းနေမှသာ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ကြောင်း။

ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသော မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက ပြည်သူများအပေါ် စေတနာရှေ့ထားပြီး ပြည်သူ့အကျိုးဖြည့်ဆည်းဆောင်ရွက်နိုင်ပါမှ ပြည်သူများ၏ ယုံကြည်အားထားမှုကိုရရှိပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှုစွမ်းအားကို ရရှိမှာဖြစ်ကြောင်း။

တက်ညီလက်ညီကြိုးပမ်း

သို့ဖြစ်၍ မြို့နယ်အဆင့်တာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများအားလုံးက မိမိတို့မြို့နယ် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝီရိယနှင့် စေတနာပေါင်းစပ်ပြီး အားထုတ်ကြိုးပမ်းကြရင်း ပြည်သူများအကျိုးသယ်ပိုးထမ်းဆောင်ခြင်းအားဖြင့် ပြည်သူများ၏ပူးပေါင်းပါဝင်မှုစွမ်းအားကို စည်းရုံးရယူကာ နိုင်ငံတော်၏မျှော်မှန်းချက်၊ ရည်မှန်းချက်များ အကောင်အထည်ပေါ် ဖြစ်ထွန်းရေးအတွက် သူ့တာ ကိုယ့်တာ မခွဲခြားဘဲ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ Audio Lab, Audio Visual Room နှင့် Computer Skill Room တို့ကိုကြည့်ရှုစစ်ဆေးသည်။

တာဝန်ရှိသူများအားမှာကြား

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တံတားဦးမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံအဆောက်အအုံ သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မတ် ၃ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘားအံတက္ကသိုလ်တွင် ဘားအံတက္ကသိုလ်၊ ပညာရေးကောလိပ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ်တို့မှ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ သရုပ်ပြများအား တွေ့ဆုံလမ်းညွှန်မှာကြားပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးအပါအဝင်ဆရာတော်ကြီးများပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ခြင်းကို ခံယူတော်မူသော အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ရွှေကျင်နိကာယ သာသနာပိုင်ဆရာတော်ကြီးအပါအဝင် ဆရာတော်ကြီးသုံးပါးပူဇော်ပွဲနှင့် သာသနာနုဂ္ဂဟဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသော ဂုဏ်ထူးဆောင်နာယကများ၊ အဖွဲ့ဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးမှူးတို့အား ရန်ကုန်မြို့ သီရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာ ဗုဒ္ဓသာသနဟိတကာရီအဖွဲ့နှင့် စစ်ကိုင်းမြို့ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ ကြီးကြပ်ထောက်ပံ့ရေး (အောက်မြန်မာပြည်)အဖွဲ့တို့၏ ချီးကျူးဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၄)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းရှိ သီရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာ မဟာအဓိသီလကာရီသိမ်တော်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ အပူဇော်ခံဆရာတော်ကြီးများဖြစ်တော်မူကြသည့် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက နိုင်ငံတော် သြဝါဒစရိယ ရွှေကျင်နိကာယ သာသနာပိုင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါသီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အဂ္ဂိယ၊ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းတောင်ရိုး သစ္စနောဒယကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သစ္စနာဘိဝံသ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ စစ်ကိုင်းတောင်ရိုး ကျစွာချောင် မဟာဝိဇယရံသီ စာသင်တိုက်နှင့် မဟာအတုလရံသီ ဓမ္မရိပ်သာ ပဓာနနာယက ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ပဓာန ဦးဆောင်နာယက ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် သီရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာ ပဓာန နာယက ဘဒ္ဒန္တ လက္ခဏနှင့် ပင့်သံဃာတော်များကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်နှင့်တာဝန်ရှိသူများ၊ သီရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာ ဗုဒ္ဓသာသနဟိတကာရီအဖွဲ့ဥက္ကဋ္ဌ ချီးကျူးပူဇော်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌအငြိမ်းစားသံအမတ်ကြီး ဦးအေးဖေနှင့် ကော်မတီဝင်များ၊ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ ကြီးကြပ်ရေးအဖွဲ့(အောက်မြန်မာပြည်) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပည့်ဒါယကာ ဒါယိကာမများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းတောင်ရိုး သစ္စနောဒယကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သစ္စနာဘိဝံသက ရှစ်ပါးသီလချီးမြှင့်တော်မူပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူသည်။

ထို့နောက် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ စစ်ကိုင်းတောင်ရိုး ကျစွာချောင် မဟာဝိဇယရံသီစာသင်တိုက်နှင့်မဟာအတုလရံသီဓမ္မရိပ်သာပဓာနနာယက၊ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ပဓာန ဦးဆောင်နာယက၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် သီရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာ ပဓာနနာယက ဘဒ္ဒန္တ လက္ခဏက ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးနှင့် သစ္စနောဒယကျောင်းတိုက် ဆရာတော်တို့၏ ဂုဏ်ကျေးဇူးတော်တို့ကို လျှောက်ထားပူဇော်သည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ယခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသော ရွှေကျင်နိကာယ သာသနာပိုင်ဆရာတော်ကြီးနှင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသော စစ်ကိုင်း သစ္စနောဒယကျောင်းတိုက်ဆရာတော်နှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသော စစ်ကိုင်းတောင်ရိုး ကျစွာချောင် မဟာဝိဇယရံသီစာသင်တိုက်နှင့်မဟာအတုလရံသီဓမ္မရိပ်သာ ပဓာန နာယက၊ သီရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာ ပဓာန နာယက ဘဒ္ဒန္တလက္ခဏတို့အား ချီးကျူးပူဇော်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ချီးကျူးဂုဏ်ပြုကမ္ပည်းစာလွှာများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ကျင်းပရေးကော်မတီဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးအေးဖေက ချီးကျူးပူဇော်ပွဲကျင်းပရခြင်းအကြောင်းလျှောက်ထားပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ကာ ဆရာတော် သံဃာတော်များအား ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် မင်းကွန်းတိပိဋကဓိဝိတဒါနတိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲတက်ရောက် ရွှေစင်တိပိဋကကျောင်းတော်ဖွင့်ပွဲနှင့်ကျောင်းရေစက်ချပွဲ၌လှူဖွယ်ပစ္စည်းများလှူဒါန်း

ရန်ကုန် မတ် ၆

နဝမမြောက် တိပိဋကရေဆရာတော် ဝိဇာတမင်္ဂလာပွဲ၊ စစ်ကိုင်းမြို့နယ် မင်းကွန်းတိပိဋကဓိဝိတဒါန တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲ၊ ရွှေစင်တိပိဋက ကျောင်းတော်ဖွင့်ပွဲနှင့်ကျောင်းရေ စက်ချပွဲအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီတွင် သက်ဆိုင်ရာနေရာအသီးသီး၌ ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ လှူဖွယ်ပစ္စည်းများလှူဒါန်းသည်။

တက်ရောက်ပူဇော်

မင်္ဂလာအခမ်းအနားများသို့နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ဘဒ္ဒန္တကုမာရအမှူးပြုသော တိပိဋကနိကာယစီမံအုပ်ချုပ်နာယက ဆရာတော်ကြီးများ၊ ပင့်ဆရာတော်သံဃာတော်အရှင်သူမြတ်များကြွရောက်တော်မူကြပြီးနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာန ရေးအသင်းအဖွဲ့များ တိပိဋကနိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့်တပည့်ဒါယကာ ဒါယိကာမများတက်ရောက်ပူဇော်ကြသည်။

အစီအစဉ်အရ မင်းကွန်းတိပိဋက ဓိဝိတဒါန တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲကို အဆိုပါဆေးရုံသစ်၌ကျင်းပသည်။

တိုင်းရင်းဆေးရုံသစ်ဖွင့်

ရှေးဦးစွာ တိပိဋကရေ တိပိဋက ကောဝိဒ ဆရာတော်ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ဖဲကြိုးဖြတ်၍ မင်းကွန်းတိပိဋက ဓိဝိတဒါန

ယင်းနောက် တိပိဋကရေ တိပိဋက ကောဝိဒဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့က ဆေးရုံကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မင်းကွန်းတိပိဋက ဓိဝိတဒါန တိုင်းရင်းဆေးရုံမုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်ပေးသည်။

ထို့နောက် တိပိဋကရေ တိပိဋက ကောဝိဒဆရာတော်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက မင်းကွန်းတိပိဋက ဓိဝိတဒါနတိုင်းရင်းဆေးရုံသစ်အတွင်း ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးရုံအဖြစ်သတ်မှတ်ပြီး လိုအပ်သည်များဖြည့်ဆည်းစီမံ ဆောင်ရွက်သွားရန် စီစဉ်ပေးသည်။

ဆက်လက်၍ တိပိဋကဓမ္မနာဒ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ချုပ်တိုင်းမှူးဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊တိုင်း၊ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှု

တိုင်းရင်းဆေးရုံသစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တိပိဋက ဓိဝိတဒါန တိုင်းရင်းဆေးရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ပရဆေးဥယျာဉ်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပရဆေးစိုက်ပျိုးဥယျာဉ်ကို သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ယနေ့လှူဒါန်းသည့် ဓိဝိတဒါနတိုင်းရင်းဆေးရုံကို

ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လှူဒါန်းသည့် ရွှေစင် တိပိဋက ကျောင်းတော်ဖွင့်ပွဲ အစီအစဉ်ကို အဆိုပါ ကျောင်းတော်ကြီး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တိပိဋက ဓိဝိတဒါန တိုင်းရင်းဆေးရုံမုခ်ဦး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ရွှေစင် တိပိဋကကျောင်းတော် အလှူရှင် တိပိဋက နိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့ (မန္တလေး) ဥက္ကဋ္ဌ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသူတော်တို့က ဖဲကြိုးဖြတ်၍ ရွှေစင်တိပိဋက ကျောင်းတော်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ရွှေစင် တိပိဋကကျောင်းတော် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိပိဋကရေတိပိဋက ကောဝိဒ ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အလှူရှင် ဦးသူတော်တို့က ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

ဆက်လက်၍ တိပိဋကရေ တိပိဋက ကောဝိဒ ဆရာတော်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များက ရွှေစင် တိပိဋက ကျောင်းတော်ကိုဝင်ရောက်ကြည့်ရှုကြသည်။

ကြည့်ရှုပူဇော်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကရေ ဆရာတော်ကြီး နောက်ဆုံးသီတင်းသုံးတော်မူခဲ့သည့် ကျောင်းကို သွားရောက်၍ ခင်းကျင်းပြသထားသည့် ဆရာတော်ကြီး၏ ဘွဲ့တံဆိပ်တော်များရေးသား ပြုစုခဲ့သည့် ကျမ်းစာအုပ်များနှင့် အသုံးအဆောင်ပစ္စည်းများကိုကြည့်ရှုပူဇော်ကြသည်။

ဆက်လက်၍ စစ်ကိုင်းမြို့နယ် မင်းကွန်းရွှေစင်တိပိဋကကျောင်းတော်ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို တိပိဋကဓမ္မနာဒပရိယတ္တိစာသင်တိုက် မဟာဗန္ဓုလဓမ္မာရုံ၌ ကျင်းပသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

တိပိဋက ဓိဝိတဒါနတိုင်းရင်းဆေးရုံကို ဖွင့်လှစ် အပြီး တွေ့မြင်ရစဉ်။ (သတင်းစဉ်)

✡ **ကျောဖုံးမှ**

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ကရင်ပြည်နယ်၏ အကျယ်အဝန်း၊ ကရင်၊ ဗမာ၊ မွန်၊ ပအိုဝ်းနှင့်အခြားတိုင်းရင်းသားများ စုစည်းနေထိုင်မှု၊ ဒေသ၏မိုးရွာသွန်းမှု၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးမှုနှင့် ဒေသဆန် ဖူလုံပိုလျှံမှု၊ ငရုတ်ကောင်း၊ ရော်ဘာ၊ သစ်ဆိမ့်ပင်များ စိုက်ပျိုးမှု၊ မြေလွတ်မြေရိုင်းဖော်ထုတ်စိုက်ပျိုးမှု၊ သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ပညာရေးနှင့် ကျန်းမာရေးမြင့်မားတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်၏ကာလတိုစီးပွားရေးစီမံကိန်းကာလအလိုက် စီးပွားဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများနှင့် ဆက်လက်အားထုတ်ဆောင်ရွက်ရန် လိုအပ်သည့်

လမ်းတံတားများတည်ဆောက်ပေးခဲ့

နိုင်ငံတော်အစိုးရကလည်း ဖွံ့ဖြိုးတိုးတက်မှု၌ နောက်ကျကျန်ရစ်ရသော ပြည်နယ်မဖြစ်ရအောင်၊ အခြားပြည်နယ်၊ တိုင်းများနှင့်အတူ ယှဉ်တွဲဖွံ့ဖြိုးလာအောင် ဘဏ္ဍာငွေကြေးမြောက်မြားစွာအကုန်အကျခံ၍ ကရင်ပြည်နယ်၌ လိုအပ်သော လမ်းများ၊ တံတားများကို တည်ဆောက်ပေးခဲ့ကြောင်း။

ထို့ပြင် ပြည်နယ်အတွင်း အခြေခံပညာရေး၊အဆင့်မြင့်ပညာပါ လွယ်လွင့်တကူသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ၊ ကောလိပ်များနှင့် ဘားအံတက္ကသိုလ်တို့ကို တိုးချဲ့ထူထောင်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

အလားတူဆေးရုံ၊ ဆေးပေးခန်းများကို တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြင့်ခြင်းတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကြိုးစားလုပ်ကိုင်

နိုင်ငံတော် အစိုးရက စေတနာထား၍ တိုးတက်ဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် အခြေခံများကို တည်ဆောက်ပေးထားပြီဖြစ်ရာ ဒေသအပိုင်း၊ ပြည်နယ်အပိုင်းကလည်း မိမိဒေသ ဖူလုံရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြံစည်ကြိုးစား လုပ်ကိုင်ကြရန်လိုအပ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ ကျိုက်ထိုမြို့ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်မှုအခြေခံသည် လူ့အရင်းအမြစ်ဖြစ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလူ့အရင်းအမြစ်များမွေးထုတ်

စီးပွားရေးကဏ္ဍများကို ကိန်းဂဏန်းအချက်အလက်များဖြင့် ရှင်းလင်း ပြောကြားသည်။

ရှင်းရှင်းနှီးနှီး နှုတ်ဆက်

ဒေသတွင်း ဖူလုံမှုခိုင်မာပြီး စိုက်ပျိုးရေး၊ သားငါး၊ စက်မှု စသည်ဖြင့် စီးပွားရေးကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှု တိုးတက်နေမှသာ ကရင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှု အားကောင်းပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာမှာ ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရှင်းရှင်းနှီးနှီး နှုတ်ဆက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘားအံတက္ကသိုလ်တွင် ဘားအံတက္ကသိုလ်၊ ပညာရေးကောလိပ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ်တို့မှ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ၊ သရုပ်ပြများအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ဆက်စပ်ရှင်းလင်း

ဆက်လက်၍ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဒေသအလိုက် ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ ပို့ကုန်သီးနှံအမယ်သစ် (အမည်သစ်) များဖြစ်ပေါ်ရေး၊ အလေအလွင့် နည်းပါးရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံများကို အကျယ်တဝင့် ဆက်စပ်ရှင်းလင်းပြောကြားသည်။

မျက်ဝါးထင်ထင် မြင်တွေ့နေရပြီ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်ယနေ့ ဘားအံဒေသအပါအဝင် ကရင်ပြည်နယ်သည် ရှေးယခင်ကာလနှင့်မတူ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရပြီဖြစ်ကြောင်း။

ဖူးမြော်ကြည်ညို

အခမ်းအနား အပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မဲဘောင်ကျောင်းတိုက်သို့ သွားရောက်ကြပြီး အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဲဘောင်ကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တကုဏ္ဍလာဘိဝံသနှင့် ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘားအံမြို့ လုမ္ဗိနီကျောင်း ဆရာတော် ဘဒ္ဒန္တကဝိဓဇထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဲဘောင်ကျောင်းတိုက် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဘားအံတက္ကသိုလ်သို့ သွားရောက်ကြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ဘားအံတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ဘားအံတက္ကသိုလ်စစ်ဆေး

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် Assembly Hall ၌ ဘားအံတက္ကသိုလ်၊ ဘားအံပညာရေးကောလိပ်၊ ဘားအံမြို့ အစိုးရနည်းပညာကောလိပ်နှင့် ဘားအံမြို့ အစိုးရကွန်ပျူတာကောလိပ်တို့မှ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကျောင်းအုပ်

ကြီးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ၊ သရုပ်ပြများနှင့်တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဘားအံ တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစောဟန်ရှိန်၊ ဘားအံပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နုနုရီ၊ ဘားအံမြို့ အစိုးရနည်းပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းဌေးနှင့် ဘားအံမြို့ အစိုးရကွန်ပျူတာကောလိပ်တာဝန်ခံ ကျောင်းအုပ် ဒေါ်စိုးစိုးမင်းတို့က တက္ကသိုလ်နှင့်ကောလိပ်များ၏ တည်နေရာနှင့် အကျယ်အဝန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းအမျိုးအစားများ၊ ခေတ်မီသင်ထောက် ကူပစ္စည်းများဖြင့် ပညာသင်ကြား ပေးနိုင်မှုများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ကြားမှုများ၊ သင်ကြား/စီမံ ဝန်ထမ်းအင်အား အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘားအံမြို့ မဲဆောင်ကျောင်းတိုက်တွင်မဲဆောင် ကျောင်းတိုက် ဆရာတော်ကြီးနှင့် ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့ကြောင့် ဆရာ ဆရာမများကလည်း အနာဂတ်ကို ရှုမျှော်ပြီး မိမိတို့၏ တပည့်များကို အရည်အချင်းရှိသော တပည့်များဖြစ်အောင် ပြုစုပျိုးထောင်ပေးစေလိုကြောင်း။

နိုင်ငံကိုတည်ဆောက်

နိုင်ငံတော်၏ စေတနာနှင့်မျှော်မှန်းထားချက်များကို နားလည်ပြီး နိုင်ငံတော်၊ ဆရာနှင့်ကျောင်းသား ကျောင်းသူများဟန်ချက်ညီညီလက်တွဲပြီး ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုး တက်သောနိုင်ငံတော်ကို တည်ဆောက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘားအံတက္ကသိုလ်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီတွင် ဘားအံမြို့မှ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ရောက်ရှိကြရာ အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးသက်နိုင်ဝင်း၊ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ကျိုက်ထီးရိုးဖူးမြော်

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘုရားဖူးလာပြည်သူများအား နှုတ်ဆက်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေ ၅နာရီခွဲတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘားအံမြို့ မဲဆောင်ကျောင်းတိုက်တွင်မဲဆောင် ကျောင်းတိုက် ဆရာတော်ကြီးနှင့် ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

အဆင့်မြင့်ပညာသင်ကြားနိုင်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ကရင်ပြည်နယ် ဘားအံဒေသ၌ ယခုကဲ့သို့ တက္ကသိုလ်နှင့် ကောလိပ်များ ဖွင့်လှစ်ပေးထားခြင်းသည် ကရင်ပြည်နယ်ရှိ လူငယ်များ အဆင့်မြင့်ပညာကို လွယ်လင့်တကူလက်လှမ်းတမီ သင်ကြားနိုင်ရန်အတွက်ဖြစ်ကြောင်း။

ဘားအံဒေသသည် အမှန်တကယ်အားဖြင့် ရန်ကုန်မြို့၊ မော်လမြိုင်မြို့တို့နှင့်အလှမ်းကွာဝေးသော ဒေသမဟုတ်ကြောင်း၊ သို့ရာတွင် ဒေသခံပြည်သူအများစုမှာ ရိုးရိုးသားသား ရှိသမျှဖြင့် ရောင့်ရဲတင်းတိမ်စွာနေထိုင်လေ့ရှိကြကြောင်း၊ ပညာရေး၌လည်း အဆင့်မြင့်ပညာတတ်မြောက်သူ၊ ထူးချွန်သူဦးရေ နည်းပါးခဲ့ပြီး အေးဆေးစွာ နေထိုင်ကြသူ အများစုဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံသည် လူ့အရင်းအမြစ်ပင်ဖြစ်ရာ ဒေသတွင်း ပညာတတ်လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ပြီး ဒေသဖွံ့ဖြိုးလာရေးအတွက် ယခုကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရေး

ပြည်နယ်/တိုင်း တစ်ခုနှင့်တစ်ခုအကြား ပညာရေးအခွင့်အလမ်းကွာဟမှု မရှိဘဲ နယ်မြေဒေသအလိုက် ပညာတတ်များ ပေါ်များလာမှသာ ကရင်ပြည်နယ် အပါအဝင် ပြည်နယ်/ တိုင်းအားလုံးဖွံ့ဖြိုးပြီး အနာဂတ်ကာလ နိုင်ငံတော်သည်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့် အဆင့်မီနိုင်ငံတော် ဖြစ်ပေါ်လာမှာဖြစ်ကြောင်း။

ယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၆

နွေရာသီကျောင်းပိတ်ရက်အတွင်း ယဉ်ကျေးမှုနှင့် သင်တန်းကို ရွှေမြင့်မိုရ်ဆရာတော်၏ တပည့် ရွှေဝါဝင်း ကျောင်းဆရာတော် အရှင် အာသဘ M.A(သီရိလင်္ကာနိုင်ငံ)မှ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာတို့ဖြင့် မတ် ၇ရက်မှ ၁၆ရက်အထိ ပညာဒါန ပြုလုပ်မည်ဖြစ်ရာ ရွှေဝါဝင်းကျောင်း၊ ၁၀၄ ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း– ၇၂၁၉၃စသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

သားငါးပွံ့ပြိုး ပြည်အကျိုး

မြန်မာ့ပုလဲ ကမ္ဘာ့အသည်းစွဲ

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူ ဖက်စပ်လုပ်ကိုင်လျက်ရှိသည့် ပြည်ပဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်သော မြန်မာတာဆာကီကုမ္ပဏီလီမိတက်က ယခုနှစ်အတွင်း ဖော်ယူရရှိသော အရေအတွက်များပြီး အရည်အသွေးကောင်းမွန်သည့် ပုလဲလုံးရေ ၁၁၇၁၂၄ လုံးကို ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၃ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ခင်းကျင်းပြသရာ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် တာဝန်ရှိသူများ၊ မြန်မာတာဆာကီကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ကြည့်ရှုစစ်ဆေးပြီးနောက် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်က "အရည်အသွေးကောင်းမွန်သော မြန်မာ့ပုလဲများကို ဖက်စပ်ကုမ္ပဏီများနှင့် ပူးပေါင်း၍ တိုးတက်ထုတ်လုပ်ရေး၊ လာမည့်နှစ်များတွင်လည်း ယခုနှစ်ထက် ပုလဲလုံးရေ ပိုမိုထုတ်လုပ်နိုင်ရေး၊ ရရှိသောပုလဲများ ဈေးကွက်ဝင်နိုင်ရေး၊ အရည်အသွေးကောင်းမွန်သော ပုလဲများ ပိုမိုထုတ်လုပ်ရေး၊ ကမ္ဘာ့ပုလဲဈေးကွက်တွင် မြန်မာ့ပုလဲများ မျက်နှာပန်းပွင့်ထိုးဖောက်ဝင်ရောက်နိုင်ရေး" စသည်တို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသွားခဲ့သည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူ ဖက်စပ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော မြန်မာတာဆာကီ ကုမ္ပဏီလီမိတက်က ပြသထားသည့် ပုလဲ ၁၁၇၁၂၄ လုံးမှာ အလေးချိန်အားဖြင့် ၅၂၉၆၅ ဒသမ ၅ မိုမိဖြစ်ပြီး ယူရိုငွေ ခြောက်သန်း တန်ဖိုးရှိသည်။ မြန်မာတာဆာကီကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူကလည်း မြန်မာ့ရေပြင်မှထွက်ရှိသော အရည်အသွေးကောင်းမွန်သည့် မွေးပုလဲများကို လာမည့်နှစ်များတွင် ယခုထက်ပိုမိုဖော်ယူပြီး ကမ္ဘာ့ဈေးကွက်တွင် ယခင်ကကဲ့သို့ **'မြန်မာ့ပုလဲ ကမ္ဘာ့အသည်းစွဲ'** ဖြစ်လာရေး ကြိုးစားဆောင်ရွက်သွားပါမည်ဟု ထိုပွဲ၌ ထုတ်ဖော်ပြောကြားသွားသည်။

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ၎င်းပိုင်သဘာဝပုလဲနှင့် မွေးမြူရေးပုလဲများကိုလည်းကောင်း၊ နိုင်ငံတော်နှင့် အကျိုးတူဖက်စပ် လုပ်ငန်းများကိုလည်းကောင်း၊ ပုလဲမွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း လုပ်ကိုင်ခဲ့သည်။ ယခု မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူ ဖက်စပ်လုပ်ကိုင်သော မြန်မာတာဆာကီ ကုမ္ပဏီလီမိတက်က ယခုနှစ်တွင် အရည်အသွေး ကောင်းမွန်သည့် ပုလဲဖော်ယူရရှိမှုအများဆုံးနှစ်ဖြစ်၍ အားရဝမ်းမြောက်ဖွယ် ဖြစ်သည်။

ယခု ဖော်ယူရရှိသော မြန်မာ့မွေးမြူရေးပုလဲများကို ကောင်းနိုးရာရာ အတွဲများတွဲ၍ မတ်လ ၁၃ရက်မှ ၂၂ရက်အထိ ကျင်းပမည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ တင်ပြရောင်းချမည် ဖြစ်ရာ နိုင်ငံခြားငွေ ပိုမို တိုးတက်ရရှိလာမည်ဟု ခန့်မှန်းထားသည်။

ကမ္ဘာပေါ်တွင် စီးပွားဖြစ်ထုတ်လုပ်ရောင်းချသော ပုလဲလေးမျိုးရှိသည်။ ၎င်းတို့မှာ–

– ဂျပန်ရေနန်ပုလဲ

မြင့်လွင်
(ဓာတ်ပုံ–သာညာကျော်–သတင်းစဉ်နှင့် ပုလဲလုပ်ငန်း)

– တောင်ပင်လယ်ရေနန်ပုလဲ
– ရေနန်ပုလဲနက်
– ရေနန်ပုလဲတို့ဖြစ်သည်။

မြန်မာနိုင်ငံမှ ထုတ်လုပ်သော ပုလဲများမှာ တောင်ပင်လယ်ရေနန် ပုလဲ အမျိုးအစားဖြစ်သည်။ တောင်ပင်လယ်ရေနန်ပုလဲထွက်ရှိသည့် အခြားနိုင်ငံများမှာ ဩစတြေးလျ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ဖြစ်ကြသည်။ တောင်ပင်လယ်ပုလဲများသည် ပုလဲသားထူခြင်း၊ တောက်ပြောင်ခြင်းတို့ကြောင့် လူကြိုက်များသည်။

တောင်ပင်လယ်ပုလဲများမှာ ပန်းနုရောင်၊ ရွှေရောင်၊ ငွေရောင်စသည်ဖြင့်ရှိသည်။ ရွှေရောင် တောင်ပင်လယ်ပုလဲများကို မြန်မာနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင် နိုင်ငံများတွင်သာ ရရှိနိုင်သည်။ တောင်ပင်လယ် ပုလဲများကို မုတ်ကောင်အကြီးမျိုးများမှ ထုတ်လုပ်ရရှိနိုင်သည်။

အဆိုပါ မုတ်ကောင်များကို မြန်မာနိုင်ငံတောင်ပိုင်း ထားဝယ်မြို့အနီး မောင်းမကန်ကျွန်းများမှသည် တောင်ဘက်ဇာဒက်ကြီးကျွန်းအထိ ရှာဖွေ တွေ့ရှိနိုင်သည်။

မြန်မာ့တောင်ပင်လယ် ပုလဲထုတ်လုပ်မှုကို ၁၉၅၄ခုနှစ်တွင် မြန်မာနှင့်ဂျပန် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် မြန်မာ့ရေပြင်မှ တောင်ပင်လယ်ပုလဲများ စတင်ထွက်ရှိခဲ့သည်။ မြန်မာ့တောင်ပင်လယ်ပုလဲများသည် တစ်ချိန်က အရည်အသွေးကောင်းခဲ့သဖြင့် ကမ္ဘာ့ပုလဲဈေးကွက်တွင် ဈေးကောင်းရခဲ့ပြီး **'မြန်မာ့ပုလဲ ကမ္ဘာ့အသည်းစွဲ'** ဖြစ်ခဲ့သည်။

၁၉၆၄ ခုနှစ်မှ စတင်ကျင်းပခဲ့သော မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံတကာမှ ပုလဲကုန်သည်များ လာရောက်ဝယ်ယူခဲ့သဖြင့် မြန်မာ့ပုလဲသည် ကမ္ဘာ့ဈေးကွက်၌ နာမည်ကျော်ကြားလူကြိုက်များခဲ့သည်။

ယခင်က မြန်မာ့ရေပြင်တွင် နိုင်ငံပိုင် ပုလဲစခန်းများသာ ရှိခဲ့ရာမှ ၁၉၉၃ ခုနှစ်မှ စတင်၍ ပြည်တွင်းဖက်စပ်လုပ်ငန်းနှစ်ခုနှင့် ပြည်ပဖက်စပ်လုပ်ငန်းသုံးခုတို့အား နိုင်ငံတော်က ခွင့်ပြုပေးခဲ့သည်။ ပြည်တွင်း၊ ပြည်ပ ဖက်စပ်လုပ်ငန်းများအနက် ဂျပန်နိုင်ငံမှ Tasaki Shinju Co., Ltd. သည် တိုးတက်မှုအရှိဆုံး ကုမ္ပဏီတစ်ခုဖြစ်သည်။ ယင်းကုမ္ပဏီသည် ယခုနှစ်တွင် ပုလဲအလုံးရေ တစ်သိန်းကျော်၊ တန်ဖိုးအားဖြင့် ယူရိုငွေ ခြောက်သန်းကျော်ဖိုး ရရှိခဲ့သည်။ လာမည့်နှစ်များတွင်လည်း ပုလဲများ ပိုမို ထွက်ရှိမည့် အလားအလာများ ရှိနေသည်။

နိုင်ငံပိုင်ပုလဲစခန်းတစ်ခုဖြစ်သော ပုလဲကျွန်းတွင်လည်း ပုလဲများတိုးတက်ထွက်ရှိရေး ဆောင်ရွက်လျက်ရှိရာ လာမည့်နှစ်မှစ၍ မုတ်ကောင်တစ်သိန်းကျော်ကို ဝတ်ဆံသွင်း မွေးမြူသွားမည်ဖြစ်သည်။ ယင်းဝတ်ဆံသွင်းမုတ်ကောင်များမှ နှစ်နှစ်ခန့်အကြာတွင် ပုလဲလုံးရေ ၇၀၀၀၀ခန့် ဖော်ယူရရှိနိုင်မည် ဖြစ်သည်။

နိုင်ငံပိုင်ပုလဲစခန်းတစ်ခုဖြစ်သော မလိကျွန်းတွင်လည်း သားပေါက်မုတ်ကောင်ငယ်များကို စတင်မွေးမြူနေရာ နှစ်စဉ်မုတ်ကောင် ၅၀၀၀၀ခန့် ဝတ်ဆံသွင်းရန် လျာထားလျက် ရှိသည်။

ပြည်ပကုမ္ပဏီသုံးခုအနေဖြင့်စာချုပ်ပါသဘောတူညီချက်အတိုင်း နှစ်စဉ်မုတ်ကောင်နှစ်သိန်းစီ ဝတ်ဆံသွင်းထားပါက ကုမ္ပဏီသုံးခုမှ နှစ်စဉ်ပုလဲလုံးရေ (၄/၅)သိန်းခန့် ရရှိနိုင်တော့မည် ဖြစ်သည်။

နိုင်ငံပိုင်ပုလဲစခန်းများနှင့် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများ၏ နှစ်စဉ်ပုလဲ ထုတ်လုပ်မှု လျာထားချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

ခုနှစ်	ပုလဲလုံးရေ	အလေးချိန်(မိုမီ)
၂၀၀၁–၂၀၀၂	၆၀၂၈၈	၂၂၆၉၅
၂၀၀၂–၂၀၀၃	၁၂၇၈၅၂	၃၉၃၁၈
၂၀၀၃–၂၀၀၄	၁၇၉၂၉၅	၇၂၃၀၉
၂၀၀၄–၂၀၀၅	၂၃၇၁၀၀	၁၀၃၈၃၀(ခန့်မှန်း)
၂၀၀၅–၂၀၀၆	၃၂၃၄၈၁	၁၃၂၆၁၂(ခန့်မှန်း)
၂၀၀၆–၂၀၀၇	၄၃၂၀၀၀	၁၈၈၁၆၀(ခန့်မှန်း)

တို့ဖြစ်သည်။

အထက်ပါ အချက်များကို လေ့လာကြည့်ပါက နိုင်ငံတော်၏ ရည်မှန်းချက်နှင့်အညီ ပုလဲလုံးရေ တစ်သိန်းကျော်ထုတ်လုပ်မှုကို ၂၀၀၂–၂၀၀၃ ခုနှစ်မှစ၍ နှစ်စဉ် အကောင်အထည်ဖော်နိုင်တော့မည် ဖြစ်သည်။

မြန်မာနိုင်ငံရှိ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများနှင့် နိုင်ငံပိုင်ပုလဲစခန်းများသည် သားဖောက်မုတ်ကောင် မွေးမြူရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ရာ အရည်အသွေးကောင်းသော ပုလဲများကို မလွဲမသွေ ထုတ်လုပ်နိုင်တော့မည်ဖြစ်၍ နိုင်ငံတော်အတွက် နိုင်ငံခြားငွေများ ပိုမိုရှာဖွေပေးနိုင်တော့မည်မှာ ဧကန်မုချ ဖြစ်သည်။

ပုလဲရတနာသည် နဝရတ်ကိုးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး ပုလဲရတနာကို ဝတ်ဆင်ခြင်းဖြင့် ကျက်သရေနှင့် ပြည့်စုံသည်ဟု မြန်မာလူမျိုးများက ယူဆကြပြီး အနောက်တိုင်းသားများ အနေဖြင့် ပုလဲကို ဝတ်ဆင်ခြင်းဖြင့် ကျန်းမာခြင်းနှင့် ပြည့်စုံခြင်း၊ အသက်ရှင်သန် နေထိုင်စွမ်းရှိခြင်း၊ အစဉ်ထာဝရနုပျိုခြင်း၊ ချမ်းသာသုခနှင့် ပြည့်စုံသော အိမ်ထောင်ရေး ရရှိကြသည်ဟု ယူဆကြပေသည်။

သို့ဖြစ်ရာ မြန်မာ့ ရေပြင်သယံဇာတမှ ဖော်ယူရရှိလာသော မြန်မာ့ပုလဲများ ဈေးကွက်ဝင်နိုင်ရေး၊ အရည်အသွေးကောင်းမွန်သော ပုလဲများ ပိုမိုထုတ်လုပ်ရေး၊ ကမ္ဘာ့ပုလဲဈေးကွက်တွင် မြန်မာ့ပုလဲများ မျက်နှာပန်းပွင့် ထိုးဖောက်ဝင်ရောက်နိုင်ရေး၊ နိုင်ငံခြားငွေတိုးမြှင့်ရှာဖွေနိုင်ရေးတို့ကို ဦးတည်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားအပ်ပါသည်။ ။

သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများ ပြည်ပဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်သော မြန်မာတာဆာကီကုမ္ပဏီလီမိတက်မှ ယခုနှစ်အတွင်း ဖော်ယူရရှိသော မြန်မာ့ရေသယံဇာတမှ ထွက်ရှိသည့် ပုလဲလုံးရေ ၁၁၇၁၂၄လုံးကို ကြည့်ရှု စစ်ဆေးစဉ်။



ပထမတန်းစား ဈေးကွက်ရှိသည့် မြန်မာ့ပုလဲလုံးကြီးကို ကြာကလပ်၌ ပြသထားစဉ်။



မြန်မာ့ရေသယံဇာတမှ ထွက်ရှိသော ပုလဲလုံးများကို အရည်အသွေး အုပ်စုလိုက် အတွဲများတွဲ၍ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ပြသရောင်းချသွားရန် စီစဉ်ထားစဉ်။

မုတ်ကောင်များ သန့်ရှင်းရေးလုပ်ပြီး ရေပေါ်ဗောတန်းတွင် ပြန်လည်ချိတ်ဆွဲစဉ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး နောက်ဆုံး သီတင်းသုံးတော်မူခဲ့သည့် ကျောင်းတွင် ခင်းကျင်းပြသထားသည့် ဆရာတော်ကြီး၏ ဘွဲ့တံဆိပ်တော်များ၊ ရေးသားပြုစုခဲ့သည့် ကျမ်းစာအုပ်များနှင့် အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ တည်ဆောက်မည့် သဒ္ဓမ္မဇောတိကာ(သိမ်တော်ကြီး) ဘွဲ့နှင်းသဘင်ဆောင် ပုံစံငယ်ကိုကြည့်ရှုစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ရှေးဦးစွာ ရေစက်ချမင်္ဂလာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။ ယင်းနောက် စောင်းမှူမှူသိန်းက ထူးမခြားနားသီချင်းခန့် ဖြင့်သီဆိုပူဇော်သည်။

ထို့နောက် ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြု၍ ငြိမ်သက်စွာပူဇော်ကြသည်။

ကိုးပါးသီလခံယူ

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် နဝမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၏ ဝိဇာတမင်္ဂလာမွေးနေ့တော် ပူဇော်ပွဲနှင့် ရွှေစင်တိပိဋကကျောင်းတော် ရေစက်ချပွဲ၊ ဇီဝိတဒါနတိုင်းရင်းဆေးရုံဖွင့်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များအား စုံညီစွာဖူးမြော်ခွင့်ရရှိသည့်အတွက် မဟာကုသိုလ်ဇောစိတ်များ ထက်သန်စွာ တဖွားဖွားဖြစ်ပေါ်လာလျက် ဝမ်းမြောက်ကြည်နူးမှုဖြစ်ရပါကြောင်းကို ရှေးဦးစွာလျှောက်ထားအပ်ပါကြောင်း။

ဓမ္မအောင်မြေ

ဤဓမ္မနာဒကျောင်းတိုက်ကြီးမှာ ကျေးဇူးတော်ရှင် ပထမမင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးပေါ်ထွန်းခဲ့ရာ စာသင်တိုက်ကြီးဖြစ်ပါကြောင်း၊ကျေးဇူးတော်ရှင် ပထမမင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးသည် ဤမင်းကွန်း တိပိဋကဓရဓမ္မနာဒ ပရိယတ္တိစာသင်တိုက်ကြီးအတွင်း၌ သီတင်းသုံးနေထိုင်တော်မူလျက် အစိုးရပထမပြန်စာမေးပွဲများ၊ ဓမ္မာစရိယစာမေးပွဲနှင့် မန္တလေး သကျသီဟဓမ္မာစရိယစာမေးပွဲ၊ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး၌ တိပိဋကဓရ၊ တိပိဋကကောဝိဒစာမေးပွဲများ အောင်မြင်တော်မူခဲ့ကြောင်း သိရှိရပါကြောင်း၊ ထို့ကြောင့် ဤဓမ္မနာဒကျောင်းတိုက်ကြီးသည် ပထမဦးဆုံး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကအာဇာနည်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ပေါ်ထွန်းခဲ့ခြင်းဖြစ်၍ တိပိဋကဓမ္မအောင်မြေဟု ခေါ်ဆိုသင့်ပါကြောင်း။

ဓမ္မနာဒဟူသော အမည်နာမသည်လည်း(ဓမ္မ=တရားတော်ကို၊ နာဒ=ဟိန်းဟောက်ခြင်း၊ ကြုံးဝါးခြင်း)ဟူ၍ အဓိပ္ပာယ်ရရှိသဖြင့် ကျေးဇူးတော် ရှင်ပထမမင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးသည် ဤဓမ္မနာဒကျောင်းတိုက်ကြီးမှ ဓမ္မတရားသံများကို ကမ္ဘာတုန်ဟည်းအောင် မိုးချုန်းသကဲ့သို့ ကြုံးဝါးတော်မူခဲ့သည်ကို ကြည်ညိုစွာ နာကြားကြရပါသဖြင့် ကျောင်းတိုက်၏ အမည်နာမအနက် အဓိပ္ပာယ်နှင့် လိုက်လျောညီထွေ ရှိပါကြောင်း လျှောက်ထားအပ်ပါကြောင်း။

ဤကဲ့သို့ ပရိယတ္တိသာသနာဝင်သမိုင်းတွင် မော်ကွန်းတင်ကမ္ပည်းထိုးခဲ့ရသော ဤတိပိဋကဓမ္မနာဒပရိယတ္တိစာသင်တိုက်ကြီးကို ကျေးဇူးတော်ရှင် ပထမမင်းကွန်းတိပိဋကဆရာတော်ကြီး၏ သားတပည့်ဖြစ်သော နဝမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ အရှင်မြတ်က ပဓာန နာယကအဖြစ် စီမံအုပ်ချုပ်လျက်ရှိကြောင်း သိရှိရပါကြောင်း။

အရှင်ဂန္ဓမာလာလင်္ကာရသည် တိပိဋကနိကာယသာသနာပြုဥပဌာက အဖွဲ့ကြီး၏ စီမံအုပ်ချုပ်မှုနာယက ဆရာတော်များအဖွဲ့၌ တွဲဖက်အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူလျက်ရှိသည့်အပြင် မင်းကွန်းတိပိဋကဓရဓမ္မနာဒ ရေအလှူတော်အဖွဲ့ကြီး၌လည်း အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါကြောင်း။

ပူးတွဲကျင်းပ

နဝမမြောက်တိပိဋကဓရဆရာတော် အရှင်ဂန္ဓမာလာလင်္ကာရ အုပ်ချုပ်တော်မူလျက်ရှိသော ဤ ဓမ္မနာဒပရိယတ္တိစာသင်တိုက်ကြီးအတွင်း၌ ရွှေစင် တိပိဋကကျောင်းတော်ကြီးကိုမန္တလေးမြို့ မျက်ပါးရပ် နေ ကျောင်းဒါယကာကြီး ဦးသူတော်– ကျောင်းဒါယိကာမကြီး ဒေါ်ခင်စိန်၊ ရွှေစင်အကယ်ဒမီရွှေဆိုင်းနှင့် ရွှေသန့်လုပ်ငန်း မိသားစုတို့က ဆောက်လုပ် လှူဒါန်းခဲ့၍ ယနေ့ ဤအချိန် ဤအခါတွင် ယင်းကျောင်းတော်ကြီးရေစက်ချ အလှူမင်္ဂလာပွဲနှင့် နဝမမြောက် ရွှေစင် တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ၏ သက်တော် (၃၆)နှစ်ပြည့် ဝိဇာတမွေးနေ့ပူဇော မင်္ဂလာအခမ်းအနားကို ပူးတွဲကျင်းပခြင်းဖြစ်ပါကြောင်း သိရှိရပါကြောင်း။

ဆန္ဒမွန်ကို ထုတ်ဖော်လျှောက်ထားအပ်ပါကြောင်း။

ယနေ့ပြုပြုသမျှသော ကုသိုလ်ကောင်းမှု အစုစုတို့ကြောင့် အလှူရှင်အပေါင်းနှင့်အတူတကွ တပည့်တော်တို့ နိုင်ငံတော်သူ နိုင်ငံတော်သားပြည်သူပြည်သား အပေါင်းတို့သည် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံလျက် မိမိတို့ တောင့်တတိုင်း လိုရာဆုနှင့် ပြည့်စုံနိုင်ကြပါစေသော်ဟု ဆုမွန်ကောင်း တောင်းလျက် တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့် လျှောက်ထားသည်။

ယင်းနောက် စောင်းမှူမှူသိန်းက ဂုဏ်ပြု ရှစ်ဆယ်ပေါ် တေးထပ်ဖြင့် သီဆိုပူဇော်သည်။

ထို့နောက် တိပိဋက နိကာယ သာသနာပြု ဥပဌာက အဖွဲ့(မန္တလေးဌာန) ဥက္ကဋ္ဌ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ကျောင်းဒါယကာ ဦးသူတော်က ဝမ်းမြောက် စကားလျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရနှင့် ရွှေစင် တိပိဋကဓရ တိပိဋက ကောဝိဒ

ထို့အပြင် မင်းကွန်းကျေးရွာ တိုက်နယ်ဆေးရုံဝင်းအတွင်း၌ နဝမမြောက် ရွှေစင်တိပိဋကဓရ ဆရာတော်ကြီးမှူးသည့် ဓမ္မနာဒ ရေ၊ ဆွမ်း၊ ဆေး အဖွဲ့ကြီးက ဦးဆောင်လျက် အများပြည်သူ စုပေါင်းလှူဒါန်းသည့် ငွေကျပ် သိန်းပေါင်း ၃၅၀ ကျော်ဖြင့် တည်ဆောက်ထားသော ဇီဝိတဒါန တိုင်းရင်းဆေးရုံတော်ကိုလည်း နိုင်ငံတော်သို့ အပ်နှင်းလျက် တိုင်းရင်းဆေးရုံဖွင့်လှစ်ပွဲ အခမ်းအနားကိုပါ ပူးတွဲကျင်းပခဲ့ပါကြောင်း။

သာသနာ့အာဇာနည်မွေးထုတ်

ကျေးဇူးတော်ရှင် ပထမတိပိဋကဓရ မင်းကွန်းဆရာတော်ကြီး ပေါ်ထွန်းခဲ့ရာ အောင်မြေဖြစ်သော ဤဓမ္မနာဒကျောင်းတိုက်ကြီးကို စီမံအုပ်ချုပ်တော်မူသော နဝမမြောက် တိပိဋကဓရ အရှင်ဂန္ဓမာလာလင်္ကာရသည်လည်း ကျေးဇူးတော်ရှင် ပထမ တိပိဋကဓရ မင်းကွန်းဆရာတော်နှင့် အလားတူစွာ သာသနာတော်အကျိုး ထူးထူးခြားခြား သယ်ပိုးဆောင်ရွက် နိုင်တော်မူပါစေ။

တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်ပုဂ္ဂိုလ် အမြောက်အမြားကိုလည်း ဆက်လက်မွေးထုတ်နိုင်ပါစေကြောင်း အာသီသပတ္ထနာ

ကျောင်းဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ ဆရာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးများနှင့် ဝန်ကြီးများ၊အလှူရှင်များက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဦးသူတော်မိသားစုတို့က သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အတွက် ငွေကျပ်သိန်း ၁၀၀ ကို လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်က လက်ခံသည်။

ထို့နောက်ဦးသူတော်က မန္တလေးတိ–နိ ဥပဌာကအဖွဲ့၏ တိပိဋကနိကာယ ဆွမ်းပဒေသာပင် ငွေကျပ် ၃၅ သိန်းကို လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံသည်။

ယင်းနောက် တိပိဋကဓရ ရေအလှူတော်အသင်း ကပ္ပိယကာရက ဦးသူတော်က မင်းကွန်းတိပိဋက ဇီဝိတ ဒါနတိုင်းရင်းဆေးရုံနှင့် ပတ်သက်၍ စာရွက်စာတမ်းများနှင့် အထိမ်းအမှတ်အလံကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်အား ပေးအပ်သည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ မဟာဂန္ထဝါစက ပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရက အနုမောဒနာတရားဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုး

အခမ်းအနားအပြီးတွင် အလှူတော်မင်္ဂလာ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေမိုး ငွေမိုး ရွာသွန်းသည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

သကြံန်ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၆

ကျေးဇူးရှင်လယ်တီ ဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်ပေး တရားတော်ကြီးကို ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် သွေးဆေးကန်တိုက် ရတနာ့ဂုဏ်ရည်ကျောင်းတွင် ဆရာတော် ဦးနန္ဒဝံသ၏ ဩဝါဒကိုခံယူပြီး အမှတ် ၂၂ မင်းလမ်း စမ်းချောင်းမှ ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ဓမ္မဒါနပြုမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ ဗဟန်းမြို့နယ် သွေးဆေးကန်တိုက် ရတနာ့ဂုဏ်ရည် ကျောင်းတွင်လည်းကောင်း၊ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ (ဒုတိယလွှာ) တရားစခန်းတွင် လည်းကောင်း မတ်လကုန်ထိ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီအစည်းအဝေး၌ အမှာစကားပြောကြား

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၁/၂၀၀၄)ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၁/၂၀၀၄) တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေး ကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ရည်ရွယ်ချက်၊ တိုးချဲ့ဖွဲ့စည်းရေး၊ စည်းရုံးရေး၊ လေ့ကျင့်ပညာပေးရေး၊ စီးပွားရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပေးအပ်လာသောတာဝန်များကို တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရေးတို့ကို အကျယ်တဝင့်ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ တွဲဖက်အတွင်းရေးမှူး တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက ဗဟိုစည်းရုံးရေးကော်မတီ၏ (၄/၂၀၀၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုခြင်း၊ လုပ်ငန်းဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် (၁/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏လုပ်ငန်းတာဝန်ကြီး ငါးရပ်နှင့် စပ်လျဉ်း၍ အဖွဲ့ခေါင်းဆောင်များက အဖွဲ့လိုက်လုပ်ငန်းဆိုင်ရာဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက လုပ်ငန်းအဖွဲ့အလိုက် တာဝန်ယူဆောင်ရွက်ထားမှုအခြေအနေများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်) နှစ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၆

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ပွဲကို မတ် ၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မြေနီကုန်းကျောင်းလမ်း တပင်ရွှေထီးရပ်ရှင်ရုံအနီးရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ ရွှေတောင်မြို့သူမြို့သားများ အသင်းဝင်ပြီးသည်ဖြစ်စေ၊ မဝင်ရသေးသည်ဖြစ်စေ ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

၂၀၀၃ ခုနှစ်မတ်လက ကျင်းပခဲ့သော တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ဂုဏ်ထူးရရှိခဲ့သူ အသင်းဝင် များ၏ သားသမီးများသည် မိမိတို့ ဝင်ရောက်ဖြေဆိုခဲ့သော စာစစ်ဌာန၊ ခုံအမှတ်၊ ဂုဏ်ထူးရရှိခဲ့သော ဘာသာ ရပ်များကို အထောက်အထား ခိုင်လုံစွာ ရေးသားဖော်ပြပြီး ဦးအောင်မြင့်(ဥက္ကဋ္ဌ) အမှတ် (၁၁၂) ၂၇ လမ်း ပန်းဘဲတန်းမြို့နယ်၊ ဦးရဲမြင့် (အတွင်းရေးမှူး) အမှတ် (၄၉) အောက်ကြည့်မြင်တိုင်လမ်းမကြီးနှင့် အခြားနီးစပ်ရာ အမှုဆောင်များသို့ မတ် ၁၂ ရက်ထက်နောက်မကျစေဘဲ ပေးပို့နိုင်ကြောင်း သိရသည်။

(က-ပ)

အမျိုးသမီးရေးရာလုပ်ငန်းကဏ္ဍဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များအား အမျိုးသမီးရေးရာ လုပ်ငန်းကဏ္ဍများနှင့် ပတ်သက်သည့် ဟောပြောပွဲအခမ်းအနားကို မတ် ၆ ရက် နံနက် ၉ နာရီတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အင်းစိန်မြို့နယ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြောက်ပိုင်းခရိုင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်စောရွှေ၊ အင်းစိန်မြို့နယ် အမျိုးသမီးရေးရာ အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က အဖွင့်အမှာစကားနှင့် ဖွဲ့စည်းပုံအား ရှင်းလင်းပြောကြားပြီး **(အောက်ယာပုံ)** ပြန်လည်ထူထောင်ရေးအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်ဆွေရည်မြင့်၊ ကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဒေါ်သန်းသန်းနွဲ့၊ စည်းရုံးရေးအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်၊ ပညာရေးအဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်အေးတို့က အသီးသီး ဟောပြောဆွေးနွေးကြပြီး မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရောခန်းမတွင် အလားတူ ဟောပြောဆွေးနွေးကြကြောင်း သိရသည်။

(က-ပ)

(၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ စစ်ရေးပြစစ်ကြောင်းကြီးများ တပ်ပါစစ်ရေးပြလေ့ကျင့်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၆

၂၀၀၄ ခုနှစ်(၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယနေ့နံနက် ၇ နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ တော်လှန်ရေးပန်းခြံ၌တပ်မတော်နေ့စစ်ရေးပြစစ်ကြောင်းကြီးများ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

စစ်ရေးပြလေ့ကျင့်ရာသို့ (၅၉) နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊စစ်ရေးပြလုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဉာဏ်ဝင်းနှင့် တပ်မတော်အရာရှိကြီးများတက်ရောက်ကြည့်ရှုစစ်ဆေးကြသည်။

စစ်ရေးပြလေ့ကျင့်

စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းနှင့်အရန်စစ်ရေးပြမှူးကြီး ဗိုလ်မှူးကြီးညီထွန်းတို့ ဦးဆောင်၍ အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့်အောင်ဆန်းစစ်ကြောင်းတို့မှတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များက တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်းလေ့ကျင့်ကြသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းကစစ်ရေးပြစစ်ကြောင်းကြီးများအားလိုအပ်သည်များမှာကြားပြီး နံနက် ၈နာရီ ၄၅ မိနစ်တွင်တော်လှန်ရေးပန်းခြံမှပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

၂၀၀၄ခုနှစ်(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရန်ကုန်မြို့ တော်လှန်ရေးပန်းခြံ၌ တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (ထ ပ ဆ)

ကမ္ဘာလှည့်ခရီးသည်၆၉ဦး စင်းလုံးငှားလေယာဉ်ဖြင့်ရောက်ရှိ

ရန်ကုန် မတ် ၆

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် Adventure Myanmar Travels & Tours Co., Ltd.၏ စီစဉ်မှုဖြင့် ကမ္ဘာလှည့်ခရီးသည် ၆၉ ဦးသည် First Choice Air စင်းလုံးငှားလေယာဉ်ဖြင့် မတ် ၆ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာသည်။

အဆိုပါကမ္ဘာလှည့်ခရီးသည်များသည် ရန်ကုန်-ပုဂံ-ညောင်ဦးမြို့များသို့ သွားရောက်လည်ပတ်ကာ မတ် ၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ Maldives နိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ၂၀၀၄ ခု၊ မတ်လ(၈)ရက်

International Women's Day

8th March 2004

မြန်မာ့ရုပ်မြင်သံကြား

၇-၃-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ယဉ်ကျေးလိမ်မာ (၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၇။ အကပြိုင်ပွဲ
- ၈:၁၅ ၈။ ဆွာချောင်းရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Say it in English
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လည်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၀၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"(အပိုင်း-၂၂)**
- ၁၂:၂၀ ၅။ သုံးဆယ်ရေလှောင်တမံ
- ၁၂:၂၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"အမေ့ချစ်သူ"**(ရဲအောင်၊ပိုင်ဇေရဲထွန်း၊မေသဥ္ဇာဦး၊ မျိုးစန္ဒီကျော်) (ဒါရိုက်တာ-သန်းဖေလေး)
- ၁၄:၃၅ ၇။ ဘိုင်းဒါးဟင်းသီးဟင်းရွက် အထူးဇုန်စိုက်ခင်း
- ၁၄:၄၅ ၈။ International News
- ၁၅:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၁၇:၁၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၂၅ ၇။ တေးဂီတအစီအစဉ်
- ၁၇:၄၀ ၈။ ကချင်ပြည်နယ် မိုးကောင်းတံတား
- ၁၇:၅၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၂၅)
- ၁၉:၃၅ ၁၃။ တေးဂီတအစီအစဉ်
- ၁၉:၄၅ ၁၄။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **အပြစ်လို့မယူခဲ့ပါ (အပိုင်း-၂)** (ဒွေး၊နေအောင်၊နန္ဒာလှိုင်၊ နွေးနွေးလှိုင်) (ဒါရိုက်တာ-ကိုဇော် (အရဏ်ဦး))
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးနှင့်မွေးမြူရေးသင်တန်းကျောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်မြို့တွင်ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၏ လှူဒါန်းငွေဖြင့် ပြန်လည်ပြုပြင်မွမ်းမံဆောက်လုပ်ခဲ့သည့် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးနှင့်မွေးမြူရေးသင်တန်းကျောင်း အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို မတ် ၃ ရက်နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကိုးကန့်အထူးဒေသ(၁)လောက်ကိုင်မြို့ရှိ အဆိုပါသင်တန်းကျောင်းဝင်းအတွင်း၌ကျင်းပရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုယ်စား မူးယစ်ဗဟိုအဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း တက်ရောက် အမှာစကားပြောကြားသည်။

ပန်းတိုင်သစ်စီမံကိန်း

ရှေးဦးစွာမူးယစ်ဗဟိုအဖွဲ့ကိုယ်စား အဖွဲ့ဝင်ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ပတ်သက်ပြီး မိမိတို့မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ၁၅နှစ်စီမံကိန်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အပြင် ၁၅နှစ်စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့်ဘိန်းစိုက်ပျိုးသည့် ပြည်နယ်ငါးခုတွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးဆိုင်ရာပန်းတိုင်သစ်စီမံကိန်း (New Destiny Project) ကို ၂၀၀၂ ခုနှစ် ဧပြီလမှစပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ ဆောင်ရွက်ခဲ့သည်နှင့် အညီ ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်မြေဒေသခံတောင်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကို သဘောပေါက်နားလည်ပြီး စုဆောင်းထားသည့် ဘိန်းမျိုးစေ့များကို အသိစိတ်ဓာတ်ဖြင့် အပ်နှံလာခဲ့ကြကြောင်း၊ အပ်နှံသည့် ဘိန်းမျိုးစေ့များကို လားရှိုးတွင်သုံးကြိမ်၊ လောက်ကိုင်တွင် တစ်ကြိမ်စုစုပေါင်းမီးရှို့ဖျက်ဆီးမှုလေးကြိမ်ပြုလုပ်ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း။

ဘိန်းကင်းမဲ့ဒေသ

ဘိန်းမျိုးစေ့များကိုအပ်နှံပြီး ဘိန်းစိုက်ပျိုးခြင်းမပြုတော့ဘဲ အစားထိုးသီးနှံစိုက်ပျိုးခဲ့ကြသည့်အတွက်ပြီးခဲ့သည့် ၂၀၀၂-၂၀၀၃ ခုနှစ် ဘိန်းစိုက်ရာသီတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာအရ ယခင် ၂၀၀၁-၂၀၀၂ နှစ်ကထက် ဘိန်းစိုက်ပျိုးမှု ၂၄ ရာခိုင်နှုန်းခန့်လျော့နည်းကျဆင်းလာသည်ကို ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး(UNODC)နှင့်ပူးပေါင်းဆောင်ရွက်သည့် တရားမဝင်ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူရေးလုပ်ငန်း လက်တွေ့ဆောင်ရွက်ချက်အရ သိရှိရသည့်အပြင် အထူးသဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်မြေအတွင်း ဘိန်းစိုက်ပျိုးမှု ၅၀ရာခိုင်နှုန်းခန့်အထိ သိသိသာသာကျဆင်းလာသည်ကိုလည်းသုံးသပ်တွေ့ရှိရကြောင်း၊ ထိုသို့ လျော့နည်းကျဆင်းခဲ့သည့်အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ဒေသကို ဘိန်းစိုက်ပျိုးမှုကင်းမဲ့ဒေသအဖြစ် ၂၀၀၃ခုနှစ်ကစ၍ သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

သိသိသာသာပြောင်းလဲ

နယ်စပ်ဒေသ တိုင်းရင်းသားများအနေဖြင့် ဘိန်းစိုက်ပျိုးမှုဓလေ့ကိုစွန့်လွှတ်ပြီး အစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လာကြသည့်အပြင် မိမိတို့နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး ကိုယ့်အားကိုယ်ကိုး တစ်တပ်တစ်အား ပါဝင်ပူးပေါင်း လုပ်ဆောင်လာကြသည့်အတွက် နယ်စပ်ဒေသအားလုံးတွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံအဆောက်အအုံများ ယခင်အတိတ်ကာလနှင့်မတူတော့ဘဲ သိသိသာသာ တိုးတက်ပြောင်းလဲနေသည့် အခြေအနေကိုရောက်ရှိလာပြီဖြစ်ကြောင်း။

နိုင်ငံတကာကသိ

မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါးပပျောက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လေ့လာကြည့်ရှုနိုင်ရန်အတွက် မူးယစ်ဗဟိုအဖွဲ့ဝင်ဝန်ကြီးများဦးဆောင်ပြီး သံတမန်များ၊ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ အကြီးအကဲများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများပါဝင်သည့် အဖွဲ့များသည် နယ်စပ်ဒေသများသို့ သုံးကြိမ်တိုင်ကွင်းဆင်းလေ့လာရေးခရီးရောက်ရှိခဲ့ကြပြီးဖြစ်ကြောင်း၊ အဆိုပါ လေ့လာရေးခရီးစဉ်များအရ မူးယစ်ဆေးဝါးပပျောက်ရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရနှင့် ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းလက်တွဲဆောင်ရွက်မှုကြောင့် နယ်စပ်ဒေသများတွင် မည်မျှတိုးတက်အောင်မြင်နေသည်ကို လက်တွေ့မြင်တွေ့သွားကြသည့်အပြင် လေ့လာရေးအဖွဲ့ဝင်သံတမန်များ၊ သတင်းမီဒီယာများမှ တစ်ဆင့် နိုင်ငံတကာကပါသိရှိနေကြပြီဖြစ်ကြောင်း။

ထိုသို့တိုးတက်အောင်မြင်နေမှုများကို အသိအမှတ်ပြုပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းဆောင်ရွက်ချက်များအပေါ် ယုံကြည်လက်ခံအသိအမှတ်ပြုသည့် သာဓကတစ်ရပ်အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကိုးကန့်ဒေသ လောက်ကိုင်မြို့တွင် ယခုကဲ့သို့ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကျောင်း တစ်ကျောင်းတည်ဆောက်ဖွင့်လှစ်သွားရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးက မူးယစ်ဗဟိုအဖွဲ့သို့ ရန်ပုံငွေဒေါ်လာ၁၂၀၀၀လှူဒါန်းထောက်ပံ့ခဲ့ကြောင်း။

သံအမတ်ကြီး လှူဒါန်းငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းကျောင်းတစ်ကျောင်းဖွင့်လှစ်နိုင်အောင် သက်ဆိုင်ရာပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌအရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ စီစဉ်ညွှန်ကြားမှု၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)၏ အနီးကပ် ကြီးကြပ်ကွပ်ကဲမှု၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှုအားကို ရယူဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုလို သင်တန်းကျောင်းဖွင့်လှစ်နိုင်အောင် ငွေကြေးထောက်ပံ့လှူဒါန်းခဲ့သည့်မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံ သံအမတ်ကြီးအား မူးယစ်ဗဟိုအဖွဲ့နှင့်ဒေသခံတိုင်းရင်းသားများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း။

ထာဝစဉ်လက်တွဲ

ယခုကဲ့သို့ သင်တန်းကျောင်းဖွင့်လှစ်နိုင်ခဲ့သည့်အတွက် လောက်ကိုင်ဒေသ တောင်သူများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်သည့် နည်းပညာများကို စနစ်တကျတက်ရောက်သင်ကြားလေ့လာခွင့်ရရှိကြမှာဖြစ်ကြောင်း၊ သင်တန်းကျောင်းမှ သင်ကြားလေ့ကျင့်ပေးလိုက်သည့် နည်းပညာများကို မိမိတို့နယ်မြေဒေသ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် လက်တွေ့အသုံးချလျက် အသက်မွေးဝမ်းကျောင်းပြုနိုင်ကြမှာဖြစ်သည့်အပြင် ဒေသခံတောင်သူများ၏ အသက်မွေးဝမ်းကျောင်းဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်ရေးနှင့် ဝင်ငွေပိုမိုရရှိရေးကို ရေရှည်အထောက်အကူပေးသွားမှာဖြစ်ကြောင်း၊ ကိုးကန့်နယ်မြေဒေသခံ တောင်သူအားလုံးကို အကျိုးဖြစ်ထွန်းစေမည့် သင်တန်းကျောင်းကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ထာဝစဉ်လက်တွဲဆောင်ရွက်သွားကြရန်တိုက်တွန်းပြောကြားသည်။

အစီအစဉ်အရ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး Mr. Li Jinjun က ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် ငွေလှူဒါန်းခဲ့ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကိုးကန့်အထူးဒေသ(၁)တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်က ဒေသခံတိုင်းရင်းသားများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်ပြီး ကိုးကန့်ဒေသ ဘိန်းအစားထိုးစိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကျောင်းအဆောက်အအုံဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အလံကို ကိုးကန့်အထူးဒေသ(၁) တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်က တရုတ်နိုင်ငံ သံအမတ်ကြီး Mr. Li Jinjunသို့ ပေးအပ်ပြီးနောက် ကိုးကန့်ဒေသ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးနှင့်မွေးမြူရေး သင်တန်းကျောင်း အဆောက်အအုံကို မူးယစ်ဗဟိုအဖွဲ့ဝင် ရဲမှူးချုပ်ဇော်ဝင်း၊ လောက်ကိုင်ဒေသ ကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်သန်းဝင်း၊ တရုတ်နိုင်ငံ သံအမတ်ကြီး Mr. Li Jinjun၊ ကိုးကန့်တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

A 21
Beauty Soap

TOOTHPASTE
BEST-T
FRESH BREATH - STRONG WHITE TEETH

1 Plus 1
NATURE'S RESOURCES

Beauty Palace Co. Ltd. မှ ထုတ်လုပ်၍ အစည်ကျော်ကြား လူကြိုက်များသော A21 နှင့် 1 Plus 1 ဆပ်ပြာအမျိုးမျိုး၊ Best-T သွားတိုက်ဆေးများကို စိစိတို့ပြို့နယ်အတွက် ရောင်းချလိုသည့် နယ်ကိုယ်စားလှယ်များသည် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ကြောင်း ကြေငြာအပ်ပါသည်။

အောက်မြန်မာပြည်

Beauty Palace Co. Ltd.
အမှတ် ၃၉၊ ရွှေတောင်တန်းလမ်း၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -၂၂၄၆၄၆၊ ၂၂၆၃၅၃၊ ၂၂၅၇၃၃၊ ၂၂၆၂၆၇ ဖက်စ် - ၂၂၈၂၈၄
ဆယ်လူလာ – ၀၉ ၅၀၀၂၀၉၇၊ ၀၉ ၅၀၁၃၈၂၅၊ ၀၉ ၉၉၂၄၈၉၀

အထက်မြန်မာပြည်

ကိုမြတ်ဇော် (စ) ကိုသံခဲ
အမှတ် ၁၃၅၊ ၈၄ လမ်း၊ ၃၀ နှင့် ၃၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း – (၀၂) ၃၁၆၅၄၊ ၃၁၆၅၅၊ ၂၅၂၈၄

စက်ရုံ

Beauty Palace Co. Ltd.
အမှတ် ၁၅၄၊ မြဲတောင်ဝန်ကြီးဦးမှိုလမ်း၊စက်မှုဇုန်အမှတ် (၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၆၈၃၄၁၇၊ ၆၈၄၇၉၃

အလှူငွေပေးအပ်ပွဲအခမ်းအနားဖိတ်ကြားခြင်း

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပထမအကြိမ် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည် ဖြစ်ပါသဖြင့် ကြွရောက်နိုင်ပါရန် အလှူရှင်များအားဖိတ်ကြားအပ်ပါသည်–

နေ့ရက် ။ ၈–၃–၂၀၀၄ (တနင်္လာနေ့)

အချိန် ။ ၁၅:၀၀ နာရီ

နေရာ ။ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ ရွှေတိဂုံဘုရားလမ်း၊

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ
ဖုန်း:–၀၃၁ ၂၅၁၇၈၊ ၀၉–၈၀ ၃၂၉၆၈

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင်
အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများဝယ်ယူရန်

တင်ဒါခေါ်ယူခြင်း

၁။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ ပစ္စည်းကို ဝယ်ယူလိုပါသည်။

Duplex Board Paper 180 gm[2] (32" x 40")-100 tons

၂။ တင်ဒါပေးသွင်းမှုကို ၁၁–၃–၂၀၀၄ ရက် (၁၆:၃၀) နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။

ဝိနည်းညီ ဆိုက်ပြည့် အသစ်ချုပ်ထားသော
သင်္ကန်းများကို
545395, 545396
380573
543282, 543206, 0999-24363

TODAY ENGINEERING
SERVICE & TRAINING
No. 88/G/F 7th Street, Lanmadaw T/S, Yangon.

“သင်္ကြန်ကာလ ကံစမ်းမဲအထူးအစီအစဉ်”

Super One ကျိုက္ကဆံကုန်တိုက်နှင့် ရွှေဘုံသာကုန်တိုက်တို့မှာ သင်္ကြန်ကာလကံစမ်းမဲအထူးအစီအစဉ်အဖြစ် (1.3.2004) မှ (3.5.2004) အထိ ဝယ်ယူသူမိတ်ဆွေများအား 29" TV၊ Sony Digital Audio Video CD (60 CD Changer)၊ အဝတ်လျှော်စက်၊ VCD စက်များအပါအဝင် ဆုမဲပေါင်း (၂၀၀) ကျော်ကို ကံစမ်းပေးမှာဖြစ်ပါသည်။ ဆုမဲများကို (10.5.2004) နေ့တွင် Computer ဖြင့်ဖွင့်ပေးမှာဖြစ်ပါသည်။ ကံထူးသူများစာရင်းကို (15.5.2004) နေ့တွင် စူပါဝမ်းကုန်တိုက်များနှင့် သတင်းစာများတွင်ကြေငြာပေးပါမည်။ အသေးစိတ်အချက်အလက်များကို အောက်ပါ Super One ကုန်တိုက်များတွင်စုံစမ်းနိုင်ပါသည်။ အတာနှင့်အတူ ကံထူးရအောင် Super One ကို လာခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါသည်။

- Super One ကျိုက္ကဆံကုန်တိုက် - (၆၅) လေးဆောင့်ကန်လမ်း၊ တာမွေမြို့နယ်၊ ဖုန်း - ၅၄၅၈၇၁၊ ၅၄၅၈၇၂၊ ၅၄၅၈၇၃
- Super One ရွှေဘုံသာကုန်တိုက် - (၃၉၇) ဗိုလ်ချုပ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ဖုန်း - ၂၅၀၂၆၈၊ ၂၅၀၂၆၉၊ ၂၄၁၀၂၀

ဈေးဝယ်ရင် စူပါဝမ်းမှာမှ စိတ်ချရပါတယ်။

ဥတုဂိမှာန် ဖြစ်တန်ရောဂါ မြန်မာ့တိုင်းရင်းဆေးဖြင့် ကာကွယ်ပါ

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ပထဝီအနေအထား၊ မြန်မာ့ရာသီဥတု၊ မြန်မာ့အစာ အာဟာရတို့အပေါ် လိုက်လျောညီထွေ ဖွဲ့စည်းတည်ဆောက်ထားသဖြင့် မြန်မာတစ်မျိုးသားလုံး၏ ကျန်းမာရေးအတွက် အံဝင်ခွင်ကျရှိလှပေသည်။ မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း ဟူ၍ ဥတုအနေဖြင့် သုံးပါး၊ တစ်ပါးလျှင် အချိန်ကာလ လေးလတာ ရှည်ကြာပြီး ရတုအနေဖြင့် ဝသန္တ၊ ဂိမှ၊ ဝဿန၊ သရဒ၊ ဟေမန္တနှင့် သိသိရဟူ၍ ရတုခြောက်ပါး၊ တစ်ပါးလျှင် အချိန်ကာလ နှစ်လတာ ရှည်ကြာသည်။ ယခုမကြာမီကျရောက်တော့မည့် တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ ရက်ပေါင်း ၁၁၈ ရက်၊ လအားဖြင့် လေးလတာကာလ နွေဥတု (ဂိမန္တ)ကာလအတွင်းဖြစ်ပေါ်မည့်အပြင် လောကဓာတ် ဩကာသနှင့် လူသား(သတ္တ)တို့၏ သန္တာန်များ ကျန်းမာရေးနှင့် ပြည့်စုံရန်အတွက် လိုအပ်သော ဆောင်ရန် ရှောင်ရန်များ၊ မှီဝဲရန် တိုင်းရင်းဆေးဝါးများ၊ ဖြစ်ပွားတတ်သည့် ရောဂါများနှင့်စပ်လျဉ်း၍ ပြုစုကုသပုံများကို ရှင်းလင်းလွယ်ကူစွာ တင်ပြသွားမည်ဖြစ်ပါသည်။

နွေဥတု(ဂိမန္တ) လေးလတာကာလအတွင်း တွေ့ရှိရသော ပကတိလက္ခဏာများမှာ အပူရှိန်များ လွှမ်းမိုးလျက်ရှိခြင်း၊ ရေဓာတ်များ လျော့နည်းခန်းခြောက်ခြင်း၊ သစ်ပင်တောတောင်တို့ ခြောက်သွေ့ခြင်းစသည်တို့ဖြစ်ပြီး ကျန်းမာသောရုပ်လက္ခဏာများအနေဖြင့် လူသားတို့ အပူကိုကြောက်ရွံ့ခြင်း၊ အအေးကိုလိုလားတောင့်တခြင်း၊ အအိပ်အစားကို လိုလားတောင့်တခြင်း၊ ကိုယ်စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ အချိုအရသာကိုကြိုက်ခြင်း(တေဇောဓာတ် တစ်နည်းသည်းခြေဒေါသ အဓိကဓာတ်မီးကြွချိန်ဖြစ်၍ မီးငြိမ်းစာဖြစ်သည့် အချိုအရသာကို ခန္ဓာကိုယ်ရှိသွေးသားက လိုလားနှစ်ခြိုက်ခြင်းဖြစ်သည်။)စသည်တို့ဖြစ်၍ အဆိုပါလက္ခဏာများနှင့် ဆန့်ကျင်သော လက္ခဏာများတွေ့ရှိပါက ကျန်းမာမှုပျက်ပြားနိုင်ကြောင်း ကြိုတင်သတိပြု ဆင်ခြင်ရမည်ဖြစ်သည်။

နွေဥတု(ဂိမန္တ)၏ ပထမပိုင်းကာလဖြစ်သော တပေါင်းလပြည့်ကျော် ၁ရက်နေ့မှကဆုန်လပြည့်နေ့အထိနှစ်လတာကာလဖြစ်သည့် ဝသန္တရတုအတွင်း ကျန်းမာသောသူများ၏ လက္ခဏာများမှာ ရေသောက်များခြင်း၊ ချွေးထွက်ခြင်း၊ ဆီးဝါခြင်း၊ အသင့်အတင့် စားကောင်း အိပ်ကောင်းခြင်း၊ ဝမ်းချုပ်ခြင်း၊ ကိုယ်သားကိုယ်ရေနွေးခြင်း၊အာခံတွင်းနံ့ရှိခြင်း၊ဇက်လေး ခေါင်းကိုက်ခြင်းစသည်တို့ဖြစ်ပြီး ဝေဒနာခံစားရသူများ၏ လက္ခဏာများမှာ ရေသောက်နည်းခြင်း၊ ချွေးခြောက်ခန်းခြင်း၊ ဆီးဖြူခြင်း၊ ဆီးများခြင်း၊ အစားအသောက်ပျက်ခြင်း၊ အအိပ်နည်းခြင်း၊ ဝမ်းသက်ခြင်း၊ ကိုယ်သားကိုယ်ရေ အေးခြင်း၊ အာခံတွင်းနံ့မရှိခြင်း၊ ဇက်လေး ခေါင်းကိုက် မရှိခြင်းတို့ဖြစ်ပါသည်။ ဝသန္တရတုအတွင်း ဆောင်ရန်အချက်များမှာ အာရုံနေရာအားဖြင့် မျက်ရည်၊ နှာရည်ထွက်အောင် မျက်စဉ်းခတ် နှာရှူခြင်းများပြုခြင်း၊ နေ့ခင်းနေ့လယ်တွင် ရေနွေး အမြဲသောက်ပေးခြင်း၊ ချည်ထည်အဝတ်အစားများ ဝတ်ဆင်ရခြင်း၊ ဆေးအနေဖြင့် ဇာတိလဝင် (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၃၅)ကို တစ်နေ့သုံးကြိမ် တစ်ကြိမ်လျှင် လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားနှုန်းဖြင့် သုံးရက်စားသုံးစေခြင်း၊ အစားအစာအားဖြင့် ကြောင်ပန်းရွက်၊ ဆူးပုပ်ရွက်၊ ခံတက်ရွက်၊ ကုက္ကိုရွက်၊ ဆိပ်ဖူး၊ ချင်း၊ မိတ်သလင်၊ ရဲယိုရွက်၊ နှမ်းမနဲ၊ကြက်/အမဲစွပ်ပြုတ်၊ ဆိတ်၊ အမဲသားနှပ်ဟင်းများ စားသုံးရန် စသည်တို့ဖြစ်ပါသည်။ **ရှောင်ရန်အချက်များမှာ** ခန္ဓာကိုယ်ကို ချွေးခြောက်စေသည့် ပန်ကာလေ အအေးဖိမ်ခံခြင်း၊ ပူအိုက်မှုကို သက်သာစေရန် အိပ်ရာနေရာကို ရေဖျန်းခြင်း၊ ညအိပ်လျှင် တံခါးဖွင့် လေအအေးခံအိပ်ခြင်း၊ လေအေးစက်၊ ပန်ကာများဖွင့်အိပ်ခြင်း စသည်များကို အထူးသတိပြု ရှောင်ကြဉ်ရန်ဖြစ်ပြီး မွန်းလွဲချိန်နောက်ပိုင်း ရေချိုးခြင်းမပြုမိရန်၊ အေး၊ ချို၊ ဆိမ့်၊ ဖန်သော အစားအစာများ၊ အေး၊ ချဉ်၊ ငန် အရသာရှိသော အစားအစာများ စားသောက်ခြင်း၊ ဆီးနီ၊ ဆီးဝါ၊ ဝမ်းချုပ်စသည့် လက္ခဏာရှိသည်ကို အစိုးရိမ်လွန်ကဲပြီး အားပြင်းသော ဝမ်းနုတ်ဆေးများ မှီဝဲစားသုံးခြင်းများကို ရှောင်ကြဉ်ရန် သတိပြုရမည်ဖြစ်သည်။

နွေဥတု(ဂိမန္တ)၏ ဒုတိယပိုင်းကာလဖြစ်သော ကဆုန်လပြည့်ကျော် ၁ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ နှစ်လတာကာလဖြစ်သည့် ဂိမှရတုအတွင်း ကျန်းမာသောသူများ၏ လက္ခဏာများမှာ ရေမကြာခဏသောက်ခြင်း (ရေငတ်ခြင်း)၊ ခန္ဓာကိုယ်တွင် ချွေးထွက်များခြင်း၊ ဆီးဝါခြင်း၊ ဆီးနည်းခြင်း၊ စားကောင်းခြင်း၊ အိပ်ပျော်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ကိုယ်ရေအေးခြင်း၊ အာခံတွင်းနံ့မရှိခြင်း၊ ခေါင်းကိုက်ခဲခြင်းမရှိခြင်း စသည်တို့ဖြစ်ပြီး ဝေဒနာခံစားရသူများ၏လက္ခဏာများမှာ ရေသောက်နည်းခြင်း၊ ချွေးခြောက်ခန်းခြင်း၊ ဆီးဖြူခြင်း၊ ဆီးများခြင်း၊ အိပ်မပျော် စားမကောင်းခြင်း၊ ကိုယ်သားကိုယ်ရေပူခြင်း၊ အာခံတွင်းနံ့ရှိခြင်း၊ ခေါင်းကိုက်ခဲခြင်း စသည်တို့ဖြစ်ပါသည်။ ဂိမှရတုအတွင်း **ဆောင်ရန်အချက်များမှာ** အာရုံ၊ နေရာအနေဖြင့် နေ့အချိန်တွင်အိပ်ခြင်း၊ ရှိုးရှိုးယပ်တောင်လေသာခံခြင်း၊ လေညင်းခံခြင်း၊ သင့်တင့်လျောက်ပတ်သော အတိုင်းအတာအထိ ညနေပိုင်းတွင် လမ်းလျှောက်ခြင်း၊ ချည်ထည်အဝတ်များ ဝတ်ဆင်ခြင်း၊ ဆေးအနေဖြင့် ပြည်လုံးချမ်းသာဆေး(တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၇)ဖြစ်စေ၊ သဗ္ဗဓေယျဆေးစပ်ကြီး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် -၂၉)ကိုဖြစ်စေ တစ်နေ့လျှင် တစ်ကြိမ်မှ သုံးကြိမ်၊ တစ်ကြိမ်လျှင် လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားနှုန်း စားသုံးရန်၊ အစားအသောက်အနေဖြင့် ဒန့်သလွန်သီး/ အရွက်၊ မြန်မာကုက္ကိုရွက်၊ ဝါရွက်၊ ဥသျှစ်ရွက်၊ ရဲယိုရွက်၊ ကြက်သဟင်းရွက်၊ ခံတက်၊ ပိတ်ချင်း၊ ငရုတ်၊ နနွင်း၊ ပင်စိမ်း၊ ကန့်ချွတ်ဖြူ၊ ဆူးပုပ်၊ ဆိပ်ဖူး၊ ချင်း၊ မိတ်သလင်၊ အသားအဖြစ် ကြက်၊ ခါ၊ ချိုး၊ ဆိတ်၊ နွား၊ သိုးသား စသည်များကို ဆီပြန်ချက်စားခြင်းတို့ ဖြစ်သည်။ **ရှောင်ရန်အချက်များမှာ** အပူရှိန်အလွန်ပြင်းထန်သည့် နေ့လယ်မှ မွန်းလွဲ ၃ နာရီအတွင်း ရေချိုးခြင်း၊ ချောင်း၊ မြောင်း၊ မြစ်ရေများသုံးစွဲခြင်း၊ လွန်ကဲစွာ အပင်ပန်းခံခြင်းများ၊ အေး၊ ခါး၊ ဖန်၊ ချို၊ ဆိမ့်၊ ချဉ်သော အရသာရှိသည့် အစားအစာများ စားသောက်ခြင်း စသည်တို့ကို ရှောင်ကြဉ်ရန် ဖြစ်ပါသည်။

နွေဥတု(ဂိမန္တ)တွင် ဖြစ်ပွားတတ်သော ရောဂါများနှင့် စပ်လျဉ်း၍ ပြုစုကုသနည်းများကို ဆက်လက်တင်ပြပါမည်။ နွေဥတုတွင် ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲဖြစ်ခြင်း၊ အပူဝင်၊ အပူငုပ်ခြင်း၊ မျက်စိကျိန်း၊ မျက်စိနာခြင်း၊ ဆီးချုပ်၊ ဆီးပူ၊ ဆီးအောင့်ခြင်း၊ နှာခေါင်းသွေးလျှံခြင်း စသည်များဖြစ်ပွားတတ်ပါသည်။

ခေါင်းအုံ၊ ခေါင်းကိုက်၊ခေါင်းခဲရောဂါများဖြစ်ခြင်းတို့အတွက် ပြုစုကုသနည်းမှာ ချွေးထွက်စေရန်အတွက် ကွမ်းရွက်သုံးရွက်ကို ထန်းလျက် သုံးလုံးခန့် ရေနွေးဖြင့်ပြုတ်၍ တစ်ခါသောက်လျှင် အကြမ်းပန်းကန်နှစ်လုံး ပမာဏခန့် ပူပူသောက်ပေးခြင်း၊ လေလုံရာ အခန်းတွင်နေစေပြီး အဝတ်ထူထူဝတ်စေခြင်း၊ နနွင်းမှုိင်း သို့မဟုတ် အကင်းဆယ်ပါးဆေးမှုန့် (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃)ကို မှိုင်းရှူပေးခြင်း၊ ကွမ်းရွက်သန့်သန့်ကို ညှစ်၍ မျက်စဉ်းခတ်ပေးခြင်း၊ စက္ခုပါလဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၂)ကို ညအိပ်ရာဝင်တွင် ရေအေးဖြင့် လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသား တစ်နေ့တစ်ကြိမ် သောက်ပေးရန်၊ သွေးဆေးနီကြီး (တိုင်းရင်းဆေးခန်းသုံး ဆေး

တင်ထွင့် (အစိုးရတိုင်းရင်းဆေး)

အမှတ်-၁၇)ကိုဖြစ်စေ၊ ပတဲမြင်းမိုရ်ကုန်းဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၅)ကိုဖြစ်စေ၊ တစ်နေ့သုံးကြိမ် တစ်ကြိမ်လျှင် လူကြီး နှစ်ပဲသား၊ ကလေးတစ်ပဲသားနှုန်းဖြင့် ရေနွေး(သို့မဟုတ်) ကွမ်းရွက်ပြုတ်ရည်ဖြင့် သုံးရက်တိုက်ရန် ဖြစ်သည်။

အပူဝင်၊ အပူငုပ် ရောဂါများအတွက် ပြုစုကုသနည်းမှာ ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲရောဂါများ ပြုစုကုသနည်းအတိုင်းဖြစ်ပြီး တိုက်ကျွေးရန်ဆေးမှာ သွေးဆေးနီကြီး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇)ကို ထန်းလျက်ပြုတ်ရည်နှင့် လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားနှုန်းဖြင့် နံနက်တစ်ကြိမ်၊ နေ့ခင်းတစ်ကြိမ်၊ တစ်နေ့နှစ်ကြိမ်တိုက်ပြီး ညနေပိုင်းတွင် ပတဲမြင်းမိုရ်ကုန်းဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၅)ကို လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားနှုန်းဖြင့် ကွမ်းရွက်ပြုတ်ရည်ဖြင့်တိုက်လျက် ညအိပ်ရာဝင်တွင် ဆီးဒူလာဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၉)ကို လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားနှုန်းဖြင့် ဝမ်းနုတ်ဆေးအဖြစ် တိုက်ကျွေးရန်ဖြစ်ပါသည်။

မျက်စိကျိန်းခြင်း၊ မျက်စိနာခြင်းတို့အတွက် ပြုစုကုသနည်းမှာ မန်ကျည်းခေါက်နှင့် ဆားကိုသွေး၍ နဖူးကိုလိမ်းပေးခြင်း၊ ဆင်တုံးမနွယ် သို့မဟုတ် ဆီးဖြူသီးကို ဆားနှင့်သွေး၍ မျက်စိကိုကွင်းပေးခြင်း၊ ဖီးကြမ်းငှက်ပျောသီး ပျော်ပျော်ကို စားစေခြင်း၊ ညအိပ်ရာဝင်တွင် မန်ကျည်းဖျော်ရည်ကို ဆားခတ်ပြီး သောက်စေခြင်း၊ နံနက်အိပ်ရာထ မျက်နှာသစ်သည့်အခါ (ဒူးအောက်ပိုင်း) ခြေထောက်ကို ရေးဦးစွာရေလောင်းပြီးမှ မျက်နှာသစ်ခြင်း၊ မျက်စိစူးလျှင် နနွင်းကို ရေနွေးနှင့် မှိုင်းခံရှူစေခြင်း၊ ဆေးအဖြစ် ဟလိဒ္ဒစုဏ္ဏ ငန်းဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆)နှင့် အပူငြိမ်းသွေးဆေး (တိုင်းရင်းဆေးခန်းသုံးအမှတ်-၁၆) တို့ကို တစ်နေ့သုံးကြိမ် သုံးရက်၊ တစ် ကြိမ်လျှင် လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားတိုက်ရန်ဖြစ်ပြီး အကင်းဆယ်ပါး ဆေးမှုန့် (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃)ကို လိမ်းပေးရန် ဖြစ်ပါသည်။

ဆီးချုပ်၊ ဆီးပူ၊ ဆီးအောင့်ခြင်းများအတွက် ပြုစုကုသနည်းမှာ အချိန်ကာလကြာမြင့်စွာ ထိုင်၍ အလုပ်လုပ်ကိုင်ခြင်းနှင့်ရေခဲနှင့်ဆီများသော အစားအစာများ စားသောက်ခြင်း၊ အပူဆေး၊ အပူအစာများ စားသောက်ခြင်းတို့ကို ရှောင်ကြဉ်စေပြီး နံနက်အိပ်ရာထတွင် ရေကိုဝအောင်သောက်စေခြင်း၊ ကန့်ကလာ သို့မဟုတ် ချင်းကို ထန်းလျက်ဖြင့်ပြုတ်၍ သောက်စေခြင်း၊ ကျောက်ဖရုံယိုကို ရေစိမ် သောက်စေခြင်း၊ ထမင်းရည်၊ ဆန်ပြုတ်ရည်တွင် နို့ထည့်၍ သကြားချိုချို ခပ်သောက်စေခြင်း၊ ကြံနက်ကိုမီးဖုတ်၍ အခွံခွာလျက် စုပ်စေခြင်း (စက်ကြိတ်ကြံရည်မဟုတ်ကြောင်း သတိပြုရန်ဖြစ်ပါသည်) တို့ဖြစ်ပြီး ဆေးအနေဖြင့်လည်း ဆီးဆေးဖြူ(တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၀)ကို နံနက်ပိုင်းနှစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ် လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားနှုန်းဖြင့် ရေအေးဖြင့်ဖြစ်စေ၊ သကြားရည်ဖြင့်ဖြစ်စေ သောက်ရန်ဖြစ်ပါသည်။

နှာခေါင်းသွေးလျှံခြင်းအတွက် ပြုစုကုသနည်းမှာ နှာခေါင်းမှသွေးများစင်ကြယ်သန့်ရှင်းအောင် ပြုလုပ်ပြီးနောက် အနံ့မပြင်းသည့် သွေးဆေးအေးတစ်ခုခုကို ဖြစ်စေ၊ သပြေ၊ ဩဇာ၊ မာလကာရွက် ရရာတစ်ခုခုကို ပွတ်ချေ၍ဖြစ်စေ ရှူပေးစေခြင်း၊ ဦးခေါင်းကိုမော့ပြီး ရေခဲရေကို ရှူလိုက်၊ ထုတ်လိုက် လုပ်စေခြင်းစသည်တို့ကို ပြုလုပ်ပြီးမှ သကြားနှင့် သံပရာရည်ချိုချို ဖျော်၍ဖြစ်စေ၊ ဖရဲသီးမှည့်နှင့် သကြားကိုရော၍ဖြစ်စေ၊ သခွားသီးရင့်ရင့်ကိုဖြစ်စေ စားစေခြင်းများ၊ ကျောက်ဖရုံသီး သို့မဟုတ် ဘူးသီးတို့ကို အချိုချက်စားစေခြင်း၊ ပူ၊ စပ်၊ ခါးအရသာရှိသော အစားအသောက်များကို ရှောင်ကြဉ်စေ၍ အရိပ်ထဲတွင်နေကာ ပက်လက်အိပ်စေရန် ဖြစ်ပါသည်။ တိုက်ကျွေးရန်ဆေးမှာ သွေးဆေး အအေးဖြစ်သော အပူငြိမ်းသွေးဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆)ကို တစ်နေ့သုံးကြိမ်၊ တစ်ကြိမ်လျှင် လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားနှုန်းဖြင့် သောက်ရန်နှင့် ယင်းဆေးကိုပင် သွေးလျှံသည့် နေရာသို့ သိပ်ပေးရန်ဖြစ်ပါသည်။

ဖော်ပြခဲ့သော ရောဂါပြုစုကုသနည်းများတွင် ထည့်သွင်းအသုံးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးများနှင့်စပ်လျဉ်း၍ သွေးတိုးနှင့်ကျောက်ကပ်ရောဂါရှိသူများအတွက် (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆ နှင့် ၂၅ တို့)ကိုလည်းကောင်း၊ အမျိုးသမီးများ ကိုယ်ဝန်ရှိစဉ်ကာလနှင့် ဓမ္မတာလာချိန်ကာလတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇ ကိုလည်းကောင်း၊ အမျိုးသမီးများ ဓမ္မတာသွေးပေါ်ခါနီးနှင့် ပေါ်ဆဲကာလတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆ ကိုလည်းကောင်း၊ အမျိုးသမီးများ ကိုယ်ဝန်ရှိစဉ်ကာလနှင့် ဆီးနှင့်ကျောက်ကပ်ရောဂါ၊ သွေးဝမ်းရောဂါရှိသူများအတွက် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၉ ကိုလည်းကောင်း စားသုံးစေခြင်းမပြုမိရန် အလေးဂရုပြုရမည်ဖြစ်သည်။

ထို့ပြင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၆ စားသုံးနေစဉ် ပူ စပ်သော အစာကို ရှောင်၍ အေး၊ ချိုအရသာရှိသောအစားအစာစားစေခြင်း၊ ရေကျက်အေးသောက်ခြင်းများ ပြုသင့်ကြောင်း၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၂ စားသုံးနေစဉ် ကြေကျက်လွယ်သော အစာ၊ အရည်ရွှမ်းသော အစားအစာများ စားသင့်ကြောင်း၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆ ကို စားသုံးနေစဉ် ပူ၊ ခါး၊ စပ် အရသာရှိသော အစားအစာများကို ရှောင်ကြဉ်စေ၍ အရည်ရွှမ်းပြီး လတ်ဆတ်သော သီးနှံများကို စားသုံးသင့်ကြောင်း၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇ စားသုံးနေစဉ် ကိုယ်ကိုနွေးနွေးထွေးထွေး နေစေပြီး ရေကျက်အေးဖြင့် ရေချိုးစေ၍ အအေးခံ၊ အပူခံလွန်ခြင်းများကို ရှောင်ကြဉ်စေသင့်ကြောင်း၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၀ ကိုစားသုံးနေစဉ် ခြေထောက်နှင့် ဝမ်းဗိုက်ပိုင်း နွေးထွေးစွာထား၍ ရေနွေးဖြင့် ရေချိုးစေပြီး အအေးခံခြင်းများကို ရှောင်ကြဉ်စေသင့်ကြောင်း၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၅ ကို စားသုံးနေစဉ် ရေခဲရေ၊ ကြံရည်စသော အေးဖွဲ့သော အစားအစာများကို ရှောင်ကြဉ်စေသင့်ကြောင်း၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၇ ကို စားသုံးနေစဉ် ရေနွေးဖြင့် ရေချိုးခြင်း၊ ရေနွေးကြပ်ထုပ်ထိုးပေးခြင်း ပြုလုပ်စေ၍ အေးချွဲသော အစားအစာများစားခြင်း၊ လေတိုက်ခံခြင်း၊ ရေအေးဖြင့်ရေချိုးခြင်း၊ အလုပ်ကို ပင်ပန်းမှုလွန်ကဲစွာဖြင့် လုပ်ကိုင်ခြင်းများကို ရှောင်ကြဉ်စေသင့်ကြောင်း၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၉ ကို စားသုံးနေစဉ် ပူ၊ စပ် အရသာရှိသော အစားအစာများကိုစား၍ ရေနွေးနှင့် ရေချိုးစေပြီး အေး၊ ချို၊ ချွဲသော အစားအစာများ စားခြင်း၊အအေးခံလွန်ခြင်း၊ လေအေးတိုက်ခံလွန်ခြင်း စသည်တို့ကို ရှောင်ကြဉ် စေသင့်ကြောင်း၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၃၅ ကို စားသုံးနေစဉ် ပူ၊ စပ်၊ ခါး အရသာရှိသော အစားအစာကိုသာ စားသုံးပြီး အအေးစာများကို ရှောင်ကြဉ်စေသင့်ကြောင်း၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃ ကို လိမ်းနေစဉ် ခန္ဓာကိုယ်ကို နွေးထွေးစွာ နေရန် လိုအပ်ပြီး အအေးခံခြင်း၊ အပူခံခြင်းများ ရှောင်ကြဉ်စေသင့်ကြောင်း သိရှိရန်လိုအပ်ပါသည်။

အထက်ပါ ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် ဆေးဝါးများမှီဝဲသုံးစွဲနေစဉ် အလေးဂရုပြုရမည့် အချက်များကို သိရှိခြင်းကြောင့် တိုင်းရင်းသားပြည်သူများ အနေဖြင့် အာနိသင်ထက်မြက်၍ စရိတ်စက တန်ဖိုးသက်သာစေသည့် တိုင်းရင်းဆေးဝါးများကို စနစ်တကျ မှီဝဲစားသုံးခြင်းကြောင့် မိမိတစ်ဦးချင်း၊ မိမိ၏ မိသားစုအတွင်းသာမက အိမ်နီးချင်းမိသားစုများအတွက်ပါ ကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ်အဖြစ် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဖေဖော်ဝါရီ ၂၀ရက်က ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ပြည်သူနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသော ၄ လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးသိန်းဦးတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်/စည်ပင်)

ဇေယျသိဒ္ဓိစည်ကြီးတင်စေတီထီးတော်သစ်တင်လှူ

အုတ်တွင်း ဖေဖော်ဝါရီ ၂၈

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် စည်ပင်သာကျေးရွာအနီးရှိ သမိုင်းဝင် ဇေယျသိဒ္ဓိစည်ကြီးတင် စေတီတော်မြတ်ကြီး၏ ထီးတော်သစ်တင်လှူပူဇော်ပွဲကို တပို့တွဲလဆန်း ၁၄ ရက် (ဖေဖော်ဝါရီ ၄ ရက်) နံနက်က အဆိုပါစေတီတော်မြတ်ကြီးရှေ့ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။ **(ယာပုံ)**

ဖွင့်လှစ်

အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နာယက ဆရာတော် ဘဒ္ဒန္တဂန္ဓမာထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ထီးတော်အလှူရှင် ဦးစိုးမြင့် ဒေါ်နွဲ့စန်းနှင့်မြို့နယ် ရဲတပ်ဖွဲ့မှူးများတို့က ထီးတော်အသစ်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းရာ နာယကဆရာတော်က အနုမောဒနာတရား ချီးမြှင့်တော်မူပြီး စေတီတော်အား လကျာ်ရစ် သုံးပတ်ပတ်၍ ထီးတော်တင်မင်္ဂလာ မဏ္ဍပ်သို့ ထီးတော်သစ် ဆက်လက်ပင့်ဆောင်ကြသည်။

ထီးတော်သစ်တင်

ထို့နောက် မင်္ဂလာအချိန်တွင် နာယကဆရာတော် ဦးဆောင်၍ အုတ်တွင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်ထွန်း၊ ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသောင်းအေး၊ စခန်းမှူးများနှင့် ဂေါပက

အဖွဲ့များက ထီးတော်ကို ပန်းရထားဖြင့် ဘုံအဆင့်လိုက် တင်လှူပူဇော်ကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ထီးတော်သစ်တင်လှူပူဇော်ပွဲကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(၃၁၆)**

ရှင်သီဝလိကိုယ်တော်ကျောင်းသင်္ခမ်းလှူပွဲနှင့် ရေဂါလန်တစ်ထောင်ဝင်ရေစင်လှူဒါန်း

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၆

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ဗြဟ္မဝိဟာရ ကံ့ကော် ၁၀၀၀ ဆရာတော်ကြီးနှင့် မုံရွာ မဟာဗောဓိ ၁၀၀၀ ဆရာတော်ကြီးနှစ်ပါးကြီးမှူးသော မြမဥ္ဇူလေးဆူရှင်ကံ့ကော်၁၀၀၀ မြိုင်နန်းရှိ ဗြဟ္မဝိဟာရကျောင်းတိုက်တွင် ဒုလ္လဘရဟန်းခံပွဲ၊ ရှင်သီဝလိကိုယ်တော် ကျောင်းသင်္ခမ်း လှူပွဲနှင့် ရေဂါလန်၁၀၀၀ဝင် ရေစင်လှူပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ဒုလ္လဘရဟန်းခံပွဲကို မြမဥ္ဇူလေးဆူရှင် လာဘမုနိ၊ ဇေယျမုနိ၊ အဘယမုနိ၊ ဓမ္မစက္ကမုနိ ဘုရားကြီး လေးဆူကျောင်းတိုက်ကြီးအနီးတွင်ရှင်သီဝလိကိုယ်တော်နှင့် ရေဂါလန် ၁၀၀၀ ဝင်ရေစင်လှူဒါန်းကြသော ရန်ကုန်မြို့မှ အလှူရှင်များဖြစ်သည့် ဦးအေးကို၊ ဦးသန်းထွန်း ဆွေမျိုးတစ်စုတို့က ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသနှင့် သံဃာတော်များရှေ့တွင် ရေစက်ချ အမျှပေးဝေ လှူဒါန်းကြကြောင်း သိရသည်။ **(၂၈၀)**

အမြို့မြို့ အနယ်နယ် သတင်းများ

မတ် ၁ ရက်က ဦးထွန်းထွန်း-ဒေါ်မြင့်မြင့်ရီ (ဘုရင့်နောင်သက်န်းတိုက်၊ ဗဟန်းဈေး)မိသားစုက တောင်ငူအသင်းတိုက်တည်ဆောက်ရန် ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် အတွင်းရေးမှူး ဦးတင်လှတို့က လက်ခံရယူကြစဉ်။ (က-ပ)

ဗုဒ္ဓဝိဟာရသာသနာ့ဗိမာန် ဓမ္မာရုံကြီးဆောက်လုပ်ရေးငွေလှူ

ပုလဲ ဖေဖော်ဝါရီ ၂၆

မုံရွာခရိုင်ပုလဲမြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဝိဟာရ သာသနာ့ဗိမာန် ဓမ္မာရုံကြီး ဆောက်လုပ်ရန်အတွက် မိမိတို့စေတနာအလျောက် မတည်အလှူရှင် ၁၈ ဦးတို့က ငွေကျပ်၅၄သိန်း လှူဒါန်းကြရာ ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်အေး ဖေဖော်ဝါရီ ၁၉ ရက်က ပေးအပ်သည့် ဂုဏ်ပြုလွှာမှတ်တမ်းကို မတည်ငွေ ကျပ်၁၀ သိန်းနှင့် ဘုရားဆောင် ဆောက်လုပ်ရေးအတွက် လှူဒါန်းသည့်အလှူရှင် ဩဘာကုမ္ပဏီ ဦးသတိုးဟိန်း မိသားစု ကိုယ်စား ဆောက်လုပ်ရေးကော်မတီ ဦးမော်စီက လက်ခံရယူကြရသည်။ (က-ပ)

ဖေဖော်ဝါရီ ၂၀ရက်က ဖြူးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊စည်ပင်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် မီးသတ်ဦးစီးမှူး ဦးအေးငြိမ်းတို့က ဦးဆောင်၍ ဖြူးမြို့မဈေးကြီးအတွင်း မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြလေ့ကျင့်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကလေးသူငယ်စောင့်ရှောက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၂၆

လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)တို့ ပူးပေါင်းပြီး စစ်ကိုင်းတိုင်းအဆင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က မုံရွာမြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် ယူနီဆက်မှ အကြံပေးအရာရှိ ဦးတိုက်အောင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို လူမှုဝန်ထမ်းဦးစီးဌာန (UNICEF)မှ ကိုယ်စားလှယ်များ၊ စစ်ကိုင်းတိုင်းအဆင့်ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ ပါဝင်ဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

မြောင်းမြမြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းက ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲများကို မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ကွင်းဆင်းလှည့်လည်ဟောပြောကြရာ ဖေဖော်ဝါရီ ၁၉ ရက်က မြောင်းမြမြို့နယ် ပြင်စွာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကြက် ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး ပညာပေးဟောပြောပွဲအခမ်းအနားတွင် အသင်းနာယက ဒေါ်နွဲ့နွဲ့ဝင်းက အမှာစကားပြောကြားစဉ်။ (က-ပ)

ကျေးရွာချင်းဆက် ကားလိုင်းသစ်ဖွင့်

ကောလင်း ဖေဖော်ဝါရီ ၂၄

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကားလိုင်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ၂၄ရက်က ကောလင်းမြို့နယ် တောင်ကြားအုပ်စု ကြာအင်းကျေးရွာတွင် ကျင်းပရာ အဖွဲ့ဝင်(၁) ဒုရဲမှူးဌေးလွင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဝင်းတို့က အမှာစကားပြောကြားပြီး ကြာအင်း-ဆင်းပ-ကောလင်းမော်တော်ကားလိုင်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။

(ဝ၂၆)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တင်းနစ်အားကစားပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ရက်က ဒိုက်ဦးမြို့နယ် တင်းနစ်အားကစားကွင်း၌ ကျင်းပရာ ပထမရရှိသွားသော ဦးထွန်းဝေနှင့် အတွဲအား တင်းနစ်ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်မြင့်(ငြိမ်း)က ဆုချီးမြှင့်စဉ်။ (က-ပ)

ဖေဖော်ဝါရီ၂၉ ရက်က မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရွှေနတ်တောင်ရေပေးရေး ပိုက်လိုင်းအကြီးစားပြင်ဆင်မှုဆောင်ရွက်ရာသို့ မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမျိုးနှင့် အင်ဂျင်နီယာမှူး ဦးသိန်းတို့ ကွင်းဆင်းကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၈-၃-၂၀၀၅ (တနင်္လာနေ့) နံနက်ပိုင်း

၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (အဆီချရေညှိဆေးတောင့် ထုတ်လုပ်မှုအကြောင်း)

၁၁:၄၀ သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံနှင့်နည်းပညာတိုးတက်မှု အကြောင်း)(သိပ္ပံမှူးတင်)

၁၂:၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ

၁၂:၂၅ အားကစားသတင်းပဒေသာ

၁၃:၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီ ဘောဂဗေဒသင်ပြနည်း)

ညနေပိုင်း

၁၆:၁၀ အနုပညာရှင်များနှင့် ဆွေးနွေးခန်း (ရုပ်ရှင်သရုပ်ဆောင် ဥက္ကာမင်းမောင်နှင့် မိုးပြည့်ပြည့်မောင်)

၁၆:၃၀ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ အထူးအစီအစဉ်(မြန်မာစာ)

၁၇:၃၀ တစ်ပတ်အတွင်းသတင်းပဒေသာ

၁၇:၄၀ မျက်မှောက်ရေးရာဆွေးနွေးစရာ

၁၈:၁၅ ဟောပြောချက်(ပြည်သူ့အကျိုးသယ်ပိုးနေသောတပ်မတော်)

၁၈:၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)

၁၉:၁၅ ဆို၊ က၊ ရေး၊ တီးဆုရအစီအစဉ် (ရန်ကုန်တိုင်းမှ မနွယ်နွယ်ထွန်း(ခ) တုံတုံနှင့် မဇာနည်နန်းလွင်တို့၏ ဆိုင်းအဖွဲ့)

သင်အသုံးပြုရမည့် တန်ဖိုးငွေထက်များစွာပိုမိုပြီးအခွင့်အရေးကောင်းများရရှိလိုပါက
EARN SPARK MYANMAR CO.,LTD မှ နိုင်ငံတကာအဆင့်မီတည်ဆောက်ထားသော ဥဿာလမ်းနှင့်ကျိုက္ကဆံလမ်းထောင့်ရှိ
အညီအစဉ်မြင့်မားသည့် "GRAND DIAMOND RESIDENCES" ၏ ကုမ္ပဏီအရောင်းစနစ်သို့ ကြွလာခဲ့ပါ။

"ကုမ္ပဏီ၏နှစ်ပတ်လည်အထူးအခွင့်အရေး"
(၂-၃-၂၀၀၄ မှ ၁၇-၃-၂၀၀၄ ထိ)
၅% မှ ၃၀% အထိလျှော့၍ ဆက်လက်ရောင်းချပေးပါမည်။
ပိုင်ဆိုင်မှု - တိုက်ပိုင်/အခန်းပိုင်စနစ်ဖြစ်ပါသည်။
တည်နေရာ - ရန်ကုန်မြို့၏အချက်အချာကျသော (ဥဿာလမ်းနှင့်ကျိုက္ကဆံလမ်းထောင့်) နေရာတွင်တည်ရှိပါသည်။
အရည်အသွေး - Room Type စနစ်ဖြစ်ပါသည်။

လုံးချင်းတိုက်များအတွက် -
မြေဧရိယာ - 2448 Sq-ft မှ 3438Sq-ft
(၂)ထပ်လုံးချင်းတိုက်ဧရိယာ - 2592 Sq-ft
တိုက်ခန်းကျယ်များအတွက် -
တိုက်ခန်းဧရိယာ - 1440 Sq-ft မှ 3083 Sq-ft
အရောင်းစနစ်မှ ☞ ဥဿာလမ်းနှင့်ကျိုက္ကဆံလမ်းထောင့်ရှိ GRAND DIAMOND RESIDENCES ၏ ... အရောင်းစနစ်မှ
☎ 722458, 505800, 244559

လေလံကြော်ငြာ

၁။ ပဲခူးတိုင်း လက်ပံတန်းမြို့နယ် ရွှေဗဟို စက်မှုဝန်ဆောင်လုပ်ငန်း သမဝါယမအသင်းလီမိတက်ပိုင် သစ်စက်အဆောက်အအုံ၊ သစ်စက်အင်ဂျင်၊ သစ်စက်ပစ္စည်းနှင့် လုပ်ငန်းသုံးပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါ/လေလံစနစ်ဖြင့်ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လေလံတင်ရောင်းချမည့်နေ့ရက်နှင့်အချိန် – ၁၉–၃–၂၀၀၄ မွန်းတည့် ၁၂နာရီ

လေလံတင်ရောင်းချမည့်နေရာ – နေပြည်တော် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းစုရုံး၊ လက်ပံတန်းမြို့။

၂။ ချိပ်ပိတ်တင်ဒါ/လေလံဆွဲဝယ်ယူမည့်သူသည် လျှောက်လွှာတစ်စောင်လျှင် ၃၀၀၀ိ/ ကျပ်နှုန်းဖြင့်ဝယ်ယူနိုင်ပြီး လျှောက်လွှာနှင့်အတူ စပေါ်ငွေကျပ် ၃၀၀၀၀ိ/ကို လေလံတင်ရောင်းချရေးအဖွဲ့သို့ ပေးသွင်းရမည်။

လေလံထုခွဲရောင်းချရေးအဖွဲ့၊ လက်ပံတန်းမြို့။

PANDA (အင်တူဒိုးဘားဆဲ)
ELECTRONIC SERVICE CENTRE
+ TV/VCD.DVD MONITOR . FAX MACHINE
+ COMPUTER POWER SUPPLIES
+ WASHING MACHINE
+ UPS . TRANSFORMER
+ AIRCON . REFRIGERATOR

လှထူ
သံပန်း သံတံခါး
☎ 541722

ရောင်းမည်

ပန်းဆိုးတန်း လမ်းကျယ်၊ အခန်းကျယ် ၂၅ ပေ X ပေ ၆၀ ထပ်ခိုးပြည့် (တ)ထပ် ကိုယ်ပိုင်ရေ၊ မီးအစုံပါသည်။ ဆက်သွယ်ရန် **ဖုန်း– ၂၄၃၄၁၅ ၅၃၄၆၃၃ (နံနက် ၉နာရီမှ ၅နာရီ)**

အမွေပြတ်စဲခြင်း

ကျွန်မ၏သမီးဖြစ်သူ မရင်ရင်လှ ၆/ဘပန(နိုင်)၀၀၃၀၁၀ သည် ၂၁–၂–၂၀၀၄ ရက်မှစ၍ နေအိမ်မှ ထွက်သွားပါသဖြင့် ၎င်းနှင့်ပတ်သက်သမျှ တာဝန်မယူပါကြောင်းနှင့် အမွေပြတ်စဲပြီးဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်မြရွှေ(မီခင်)
၁၂/ဥကမ(နိုင်)၀၆၅၆၅၅

SHINE AC-DC

ငပလီသကြိန်

စား/တည်း ငြိမ်း
ငပလီ(၄)ညအိပ်၊ပြေ(၁၂)ရက်ညထွက်မည်။
ပန်းသဇင် စားသောက်ဆိုင်
၃၀၃၊ အနော်ရထာလမ်း၊
ကုန်ဈေးတန်းထိပ်
ဖုန်း–၂၄၃၇၆၀၊၃၈၀၅၂၇

ဖေဖော်ဝါရီ၂၄ရက်က ရန်ကုန်မြို့ ၅၁လမ်းနေ ဦးတက်နေထွေး–ဒေါ်စန္ဒာလှိုင်၊ သမီး မထက်သဒ္ဒါအောင် မိသားစုတို့က ဘုရားဖြူကျောင်းတိုက် သုံးထပ်ကျောင်းတော်ကြီး တည်ဆောက်ရန်အတွက် တစ်ခန်းကုန်ကျငွေ ကျပ်ခြောက်သိန်းကို ဆရာတော် ဘဒ္ဒန္တနရိန္ဒာဘိဝံသထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

M.I.T.°°Group Economic°Services Co., Ltd. က ကျင်းပသည့် သယံဇာတ စံပြအဆင့်မြင့်ဈေး၊ ရောင်းအားမြှင့်ဈေးပွဲတော်နှင့် မြန်မာ့အဆင့်မြင့် ထုတ်ကုန်ပစ္စည်းများပြပွဲတွင် ရတနာစိုးမိုး အဆင့်မြင့် ပုဆိုး အမျိုးမျိုးနှင့် ချည်ချောအထည် ပင်ရင်းဆိုင် အရောင်းပြခန်းတွင် ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိစဉ်။ (က–ပ)

ငွေပဒေသာပင်စိုက်ထူ

တွံတေး ဖေဖော်ဝါရီ ၂၈

တွံတေးမြို့နယ် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား ကျောင်းသူဟောင်းများက တွံတေးမြို့ ရေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော် မြတ်ကြီးအား စတုတ္ထအကြိမ် ငွေပဒေသာပင်စိုက်ထူ လှူဒါန်းပွဲကို ဖေဖော်ဝါရီ၂၂ရက် နံနက်က စေတီတော်ရင်ပြင် ရွှေမန်းဓမ္မာရုံ၌ကျင်းပရာ တွံတေးမြို့နယ် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့်ကျောင်းသား ကျောင်းသူဟောင်းများကငွေကျပ်ငါးသိန်း၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဆရာဆရာမများက ငွေကျပ်တစ်သောင်း၊ ဦးမင်းနိုင်–ဒေါ်နှင်းယဉ် မိသားစုက ငွေကျပ်တစ်သောင်း၊ ကွမ်းခြံကုန်းမြို့နယ် ကျောင်းသား ကျောင်းသူများက ငွေကျပ်တစ်သောင်း၊ ဘုရားကြီးကျေးရွာ ကျောင်းသား ကျောင်းသူများက ငွေကျပ် ခုနစ်ထောင်၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်ပထဝီဝင် ပါမောက္ခဒေါ်တင်တင်အေးက ငွေကျပ်သုံးထောင်တို့ကို လှူဒါန်းကြရာ စေတီတော်ဂေါပကအဖွဲ့မှ ဦးကြောင်ကြင်နှင့် ဦးမြင့်စိုးတို့က လက်ခံရယူကြသည်။ (၃၈၀)

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၈–၃–၂၀၀၄ (တနင်္လာနေ့)

- ❑ An Introduction to Philosophy of Religion
  - ယင်းဘာသာရပ်၏အခြေခံအချက်များကို စိတ်ဝင်စားသူများ
- ❑ Client Centered Psychotherapy
  - မဟာဝိဇ္ဇာတန်းနှင့် စိတ်ပညာမဟာသိပ္ပံ၊(စိတ်ကျန်းမာပညာ)သင်တန်းများ

၉–၃–၂၀၀၄ (အင်္ဂါနေ့)

- ❑ The Nature and Scope of the Law
  - ပထမနှစ်မှ နောက်ဆုံးနှစ် ဥပဒေအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Myanmar Agenda 21 and Myanmar-United Nations Co-operation in Enviromental Rehabilitation in the Dry Zone
  - မဟာဝိဇ္ဇာ၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်သင်တန်းများ

၁၀–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ ပုဂံခေတ်ကျောက်စာ အဆောက်အအုံ (၅)ခုအနက် 'နန်းဘုရား' အကြောင်း
  - ရှေးဟောင်းသုတေသနပညာ အထူးပြုနှင့် စိတ်ဝင်စားသူများ
- ❑ Some Well- known Name Reactions for Organic Synthesis
  - မဟာသိပ္ပံနှင့် ပါရဂူဘွဲ့သင်တန်းများ

၁၁–၃–၂၀၀၄ (ကြာသပတေးနေ့)

- ❑ Elemental Analysis using EDXRF
  - မဟာသိပ္ပံ၊ မဟာသုတေသန၊ ပါရဂူဘွဲ့သင်တန်းများနှင့် ဘွဲ့ကြိုသင်တန်း
- ❑ Computer Aided Teaching for Nuclear Physics
  - မဟာသိပ္ပံ၊ မဟာသုတေသန၊ ပါရဂူဘွဲ့သင်တန်းများနှင့် ဘွဲ့ကြိုသင်တန်းများ

၁၂–၃–၂၀၀၄ (သောကြာနေ့)

- ❑ Systems of Ordinary Differential Equations
  - မဟာသိပ္ပံပထမနှစ်နှင့် ဒုတိနှစ်သင်တန်းများ
- ❑ The Diversity of life on Earth
  - မဟာသိပ္ပံ ဒုတိယနှစ် သတ္တဗေဒနှင့် Environmental Studies သင်တန်းသားများ

၁၃–၃–၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၁၄–၃–၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

မတ်၁ရက်က ရွှေပြည်သာမြို့နယ် အမှတ်(၈)ရပ်ကွက် ကမ္ဘောဇကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းခိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြအေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ မ-၁၃/၂၁၊ သိပ္ပံလမ်းနေ
ရဲမှူးကြီးစိန်ဝင်း (ငြိမ်း)-ဒေါ်ကော့မိုင်
တို့၏သားကြီး
မောင်အောင်ဇော်ဝင်း B.Sc(Zool.)
[Managing Director, Myanmar Yu Wa Ti Trading Co.,Ltd.]
နှင့်
အမရပူရမြို့၊ ဈ-မ/၂၈၊ ကွမ်းသီးတန်း၊ မင်္ဂလာစံရပ်နေ
ဦးခေတ်ထွန်း [မန်နေဂျာ၊ ပြည်တွင်း(ရောင်း/စက်)၊ အမှတ် (၇၅) သစ်စက်၊
မြန်မာ့သစ်လုပ်ငန်း၊ မုံရွာမြို့]-ဒေါ်လှလှ (ဘောဂဗေဒဌာနမှူး-ငြိမ်း၊
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်)
တို့၏ဒုတိယသမီး
မသီရိခေတ် [M.Sc(Physics),D.C.Sc]
[Managing Director, New Technical Group Computing Co.,Ltd.]
[Director, Mandalay ICT Development Corporation Limited.]

တို့သည် ၆-၃-၂၀၀၄ (စနေနေ့)တွင် နှစ်ဖက်သောမိဘများနှင့်ဆွေမျိုးမိတ်သင်္ဂဟများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ဇော်ဝင်း-မသီရိခေတ်။




Vacancies
(for local service only)

We, a well-established manufacturing firm has seeking suitable persons for the following posts.

1. Office Staffs
_ University Degree
_ Age under 30
_ English Skill (Speaking, Reading, Writing)
_ Computer Literate

2. QCs
_ University Degree
_ 2 years experience in garment field
_ English Skill (Speaking only)

3. Mechanics
_ 2 years experience in garment field
_ (Educational background is not preferable)

Interested persons are invited to submit their application forms with relevant documents, labour registration card and a recent photo addressed as follows:
Myanmar Daewoo International Limited
Pyinmabin Industrial Estate
Pyay Road, Mingaladon Township

* Application Form Closing Date March 12th 2004
* Interview Date March 16th 2004 (1:00 PM)

ပွဲရုံငှားမည်

ဘုရင့်နောင်၊ ရေတမာလမ်း
ရေ၊ မီး၊ ဖုန်းပါ
(ပွဲစားမလို)
ဆက်သွယ်ရန် **ဖုန်း-၅၂၆၇၈၇**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးလှအုန်း-ဒေါ်သန်းမြင့်တို့၏သား မောင်အောင်သူရ ၇/လပတ(နိုင်) ၀၉၃၄၀၇ သည် မိမိဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စများကို တာဝန်မယူပါ။

(မေးမြန်းခြင်းသည်းခံပါ)
ဦးလှအုန်း-ဒေါ်သန်းမြင့်
ကျွန်းကလေးကျေးရွာ၊ BOC အနီး
လက်ပံတန်းမြို့

ဝမ်းနည်းကြေကွဲခြင်း

လှိုင်မြို့နယ်၊ အမှတ် ၃ ရပ်ကွက်၊ အေးရိပ်သာစတိုးနေ အန်ကယ် ဦးတင်ညွန့်၏ဇနီး၊ အစ်မကြီး မလှနွဲ့၊ မညွန့်ရီနှင့် မငယ်တို့၏မိခင်ဒေါ်လေးရီ အသက်(၈၃)နှစ်သည် ၃-၃-၂၀၀၄ ရက်နေ့တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုအားလုံးနှင့် ထပ်တူ ဝမ်းနည်းကြေကွဲဖြစ်ရပါကြောင်း။

ရေပေါ်လွန်းအမှတ် (၁)

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးတင်ထွန်း
ဆေးရုံအုပ်ကြီး
မုံရွာပြည်သူ့ဆေးရုံ (ငြိမ်း)
ဗောဓိတစ်ထောင် သံဃာ့ဆေးရုံ
အသက် (၆၂)နှစ်

ပြည်မြို့ အမှတ်(၁) ကုန်သည်လမ်းနေ ဒေါ်နွဲ့နွဲ့ဆွေ၏ခင်ပွန်းသည် ၁-၃-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြဝတီ သီလရှင်စာသင်တိုက်
မန္တလေးမြို့။

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း လှိုင်မြို့နယ် ချောင်း၀ အိမ်အမှတ် (၃၀၄) ၅ (B)နေ (ဦးဦးကျော်သာ)-ဒေါ်မစောသိန်းတို့၏ သားငယ်
မောင်အေးကျော် Final Year (Botany) နှင့်
စစ်တွေမြို့ မခ-၁၄၄၊ ပြည်ထောင်စုလမ်း ပြည်တော်သာရပ်ကွက်နေ (ဦးအောင်ရွှေမြ)JE ပြည်သူ့ဆောက်လုပ်ရေး-ဒေါ်ဦးခင်ညွန့် တို့၏သမီးကြီး
မခင်မြနွယ် B.Sc (Q) MSC, MI (Botany)

တို့သည် ၂၅-၂-၂၀၀၄ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အေးကျော်-မခင်မြနွယ်။

အမည်ပြောင်း

ဦးလှဝေ-ဒေါ်စန်းစန်းယုတို့၏သားသမီးများဖြစ်ကြသော အမက (၁၀) လှိုင်စတုတ္ထမှ မောင်လှိုင်ဘွားအောင်အား မောင်တင်အောင်လတ်နှင့် သူငယ်တန်းမှ မမေသက်ခိုင်အား မအေးသီရိမွန်ဟု ပြောင်းလဲခေါ်ပါရန်။

ကျေးဇူးဆပ်ပါမည်

မောင်မောင်ထွန်း နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၂/ဗဟန(နိုင်) ၀၇၄၂၄၃ ကိုင်ဆောင်သူသည် မိခင်ဖြစ်သူ၏ငွေစုစာအုပ်၊ အရေးကြီးစာရွက်စာတမ်းများနှင့် လက်ဝတ်လက်စားအချို့နှင့်အတူ မိခင်နိုင်ငံသားအမှတ် ၁၂/ဗဟန(နိုင်) ၀၇၄၂၄၇ ပိုင်ရှင်အမည်ပေါက် ယာဉ်အမျိုးအစား မာဇဒါ ၃၂၃/ယာဉ်အမှတ် ည/၂၈၂၆ အရောင် (အဖြူ)နှင့် ပိုင်ဆိုင်မှုစာအုပ်၊ စာရွက် စာတမ်းများနှင့်အတူ နေအိမ်မှထွက်ခွာသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် (ကျေးဇူးဆပ်ပါမည်) လက်ခံထားသူများအား ဥပဒေအရအရေးယူမည် ဖြစ်ကြောင်း။ (၎င်းပစ္စည်းများနှင့် ပတ်သက်ဆောင်ရွက်သူများသည် တရားမဝင်ကြောင်းကို သိစေလိုပါသည်။)

ဆက်သွယ်ရန် ဖုန်း- ၅၄၄၇၀၅

ကားစီးလုံးငှားသည်

Zaw Win & Associates
(Z & A)
Car Renter
Tel: 540545, 09-8020091

ကားငှားရန်

သင်္ကြန်တွင်းလည်ရန် Truck Car မျိုးစုံနှင့်ခရီးစဉ်မျိုးစုံအတွက် ကားများငှားရန်ရှိသည်။ အကျိုးတူ ပူးပေါင်းလိုသူယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။ **ဖုန်း-၅၂၄၆၈၆**
၀၉-၀၈-၂၄၀၄၄

ဖခင်အမည်မှန်

သံတောင်မြို့နေ နော်ကူဆာဖော ၃/သတန(နိုင်)၀၀၁၀၃၁ ၏ ဖခင်အမည်မှာ ဦးရွှေကြီး(ခ) စောစေးကဲမိုးလို ဖြစ်ပါကြောင်း။

ဦးရွှေကြီး(ခ)စောစေးကဲမိုးလို
သံတောင်

ရောင်းမည်

၄၁ ပေ x၇၉ ပေ ဂျိုးဖြူရေ၊ အဝီစိ၊ သွပ်မိုးပျဉ်ထောင် တစ်ထပ်အိမ် နှစ် ၆၀ ဂရန် အမည်ပေါက်။

ရွှေနှင်းဆီကျောင်းလမ်း
မရမ်းကုန်း ရှစ်မိုင်ခွဲ
ဖုန်း-၆၉၉၀၃၃

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

မစန်းစန်းလွင် ၁၂/အစန(နိုင်) ၀၀၁၀၀၃သည် မိမိဆန္ဒအလျောက် ပြုလုပ်သွားပါ၍၁၈-၂-၂၀၀၄ရက်မှစ၍ သမီးအဖြစ်က စွန့်လွှတ်လိုက်သည်။ (မေးမြန်းခြင်းသည်းခံပါ။)

ဦးထွေး-ဒေါ်ခင်ညို
ရွှေပြည်သာ

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ မအေးအေးမော် ၁၄/ဘကလ (နိုင်) ၀၀၇၅၉၄ နှင့် ကိုကျော်နိုင် ၁၄/ကပန (နိုင်) ၁၂၁၉၅၀ တို့သည် ၃-၃-၂၀၀၄ရက်တွင် စမ်းချောင်းမြို့နယ်တရားရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

မအေးအေးမော်
၁၄/ဘကလ (နိုင်) ၀၀၇၅၉၄။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
တောင်ကြီးမြို့နယ်တရားရုံးတော်၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၁

ဦးစိုးမင်း အမှတ် (၁၀၂) တပင်ရွှေထီးလမ်း နယ်မြေ (၄) မင်္ဂလာဦးရပ် တောင်ကြီးမြို့	နှင့်	ဒေါ်အေးစု မြေကွက်အမှတ် (၅၈) ဦးပိုင်အမှတ် (၅၉) နယ်မြေ (၃) အေးသာယာ တောင်ကြီးမြို့နယ် (ယခုနေရပ်လိပ်စာမသိ)
တရားလို		**တရားပြိုင်**

မြေကွက်အမှတ် (၅၈) ဦးပိုင်အမှတ် (၅၉) နယ်မြေ (၃) အေးသာယာနေ ဒေါ်အေးစု (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုးမင်းမှ ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် ရောင်းချပြီးဖြစ်သည့် အိမ်မြေနှင့်နေအိမ်တို့အား လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေ အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့် စပ်ဆိုင်သောအချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် မတ်လ ၁၆ ရက်နေ့ (၁၃၆၅ ခုနှစ် တပေါင်းလဆုတ် ၁၁) ရက်နေ့ မွန်းမတည့်မီ နံနက် ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသား ပါရှိသူ တရားစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ဤမြို့နယ်တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက် ဆိုခဲ့သည့်နေ့ရက်တွင် သင် မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။

သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဇော်ဝင်း
ဒုတိယမြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

မဟန်နီစိုးလှိုင်

ချစ်ရတဲ့ မီးမီးလေး မိသားစုကို ခွဲခွာသွားသည်မှာ ဒီနေ့ ၇-၃-၂၀၀၄ ဆိုရင် (၂)နှစ်ပြည့်ပြီဖြစ်ပေမယ့် မီးမီးလေးကို အမြဲနှမြောတသ သတိရနေပါတယ်။ မီးမီးလေးအတွက် ရည်စူး၍ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ (၂)နှစ်ပြည့်တဲ့ ဒီနေ့အထိ ပြုလုပ်ခဲ့သမျှသော ကုသိုလ်ကောင်းမှုအစုစုတို့ကို မီးမီးလေးအား အမျှပေးဝေပါတယ်။မြင့်မြတ်သော ဘုံဘဝသို့ ရောက်ရှိ၍ သာဓုခေါ်ဆိုနိုင်ပါစေ။

မီးမီးဟန်နီရေ အမျှ-အမျှ-အမျှ။

ဖေဖေ - ဒုအရာခံဗိုလ် မောင်မောင်စိုးလှိုင်
မေမေ - ဒေါ်ခင်ဝင်းရီ
မမ ရတနာ၊ ကိုကြီး ရန်နိုင်၊ မမငယ်လေး
မင်္ဂလာဒုံ။

BABY NINI SUMMER ENGLISH

(၅၁)ဆရာစံလမ်း ဗဟန်း ဖုန်း-၅၄၁၃၅၆



ဝမ်းနည်းကြေကွဲခြင်း

မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီးမှသမားတော်ကြီး ဒေါက်တာ ငြိမ်းဆွေ၏ မိခင်၊ ဒေါ်သိန်းရှင် (၉၃)နှစ်သည် ၂၇-၂-၂၀၀၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းများ။



ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅ နည်းဥပဒေ ၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ်၊ တရားမကြီးမှု အမှတ်-၁၃၆

အာရှအိတ်ခ်စ်ပရက်စ်	နှင့်	၁။ ဦးသီဟ
ကုမ္ပဏီလီမိတက်		၂။ ဦးလှဘုန်း
ပုလဲကွန်ဒိုမီနီယံစင်တာ		အမှတ် ၁၁၃၊ ၄၆လမ်း၊
ကမ္ဘာအေးဘုရားလမ်း၊		ဗိုလ်တထောင်မြို့နယ်
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။		ရန်ကုန်မြို့။
တရားလို		**တရားပြိုင်များ**

အထက်အမည်ပါ တရားပြိုင်များ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလိုက ဥပစာအားအသုံးပြုမှုအတွက် ငွေ ၁၅၄၁၆၆၇ ကျပ်နှင့် တရားပြိုင်တို့ ဖယ်ရှားမပေးသည့်အတွက် တရားလိုကပေးလျော်ခဲ့ရသော နစ်နာကြေးငွေကျပ် ၉၄၅၀၀၀၀ စုစုပေါင်း ငွေ ၁၀၉၉၁၆၆၇ ကျပ် ရလိုမှုနှင့် အမြဲတမ်းတားဝရမ်းရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဧပြီလ ၂ ရက် (၁၃၆၅ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်)နေ့ မွန်းမတည့်မီ ၉:၃၀နာရီအချိန်တွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမိပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် မတ်လ ၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အောင်ဝင်း
တွဲဖက်တိုင်းတရားသူကြီး-၉
ရန်ကုန်တိုင်းတရားရုံး။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂**

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးမြသွင် (ငြိမ်း)
B.Sc ဗိုလ်သင်တန်းအပတ်စဉ်(၄၁)
အသက်(၅၉)နှစ်

နောင်ချိုမြို့၊ ဈေးရပ်နေ ဒေါ်နန်းရွှေဦး၏ခင်ပွန်း ဗိုလ်မှူးမြသွင်(ငြိမ်း)သည် ၂၃-၂-၂၀၀၄ရက်တွင် နောင်ချိုမြို့၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကျောင်းဆင်းသူငယ်ချင်းများ။

ဒေါ်ကျင်စု
အသက်(၇၃)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊အမှတ် ၂၆၃ နေ (ဦးချစ်စိန်)၏ ဇနီး၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊အရိုးကုန်းရပ်ကွက်၊ ၁၄၇ လမ်း၊ အမှတ် ၆ နေ ဦးမြင့်သိန်း-ဒေါ်ရွှေမြင့်(ရွှေနဒီအလှကုန်၊ မင်္ဂလာဈေး)၊ ဦးမြင့်အေး-ဒေါ်လှစန်းညွန့်၊ ဒေါ်နုနု၊ ဦးမြင့်ဌေး-ဒေါ်လှလှရင်တို့၏ မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၆-၃-၂၀၀၄ ရက် နံနက် ၂နာရီတွင် အမှတ် ၆၊ ၁၄၇လမ်း နေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၃-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂:၃၀ နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ခင်မာကြည်(ခ)
ဒေါ်အမာဘီ (မင်းဘူးမြို့)
အသက်(၈၀)

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊တိုက်အမှတ် ၇၃ (ငါးလွှာ၊ ညာ)နေ [ဦးသောင်းဆွေ(ခ)ဦးဟာရှင်]၏ဇနီး၊ ဦးမြသိန်း(ကျန်းမာရေးမှူး)-ဒေါ်တင်တင်စိန်တို့၏အစ်မ၊ ဦးစိုးနိုင်-ဒေါ်နီနီမာ၏မိခင်ကြီး၊ မနီပိုနိုင်၊ မနီမိုနိုင်၊ မနီကိုနိုင်တို့၏အဘွားသည် ၂၉-၂-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃:၄၅နာရီတွင်အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၁-၃-၂၀၀၄ ရက် ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူသားသမီးနှင့်မြေးများ။

ဒေါ်သန်း (သံဖြူဇရပ်မြို့)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၇၃ (ပထမထပ်)နေ ဦးထွေး (သံဖြူဇရပ်)၏ဇနီး၊ (ဦးယုရှိန်)-ဒေါ်ခင်ဝင်း၊ ဦးထွန်းသိန်း-ဒေါ်အေးကျင်၊ ဦးတင်မောင်အုန်း-ဒေါ်ခင်အေး၊ ဒေါ်မြမူ၊ ဦးအောင်ဝင်း-ဒေါ်တင်တင်ဝင်းတို့၏ မိခင်သည် ၆-၃-၂၀၀၄ရက် နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်စောရင် (ဟသ်ာတ)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၆၈၊ မြေညီထပ်(ယာ)၊ ၁၆၆ လမ်းနေ ဦးဝင်းမြင့် (ခ) ဦးဟုတ်ဝင်း၏ ဇနီး၊ ဒေါက်တာစန်းလွင်-ဒေါက်တာခင်နွယ်ဦး(အဓိပတိဆေးကုခန်း)၊ ဦးမြင့်ကြွယ်-ဒေါ်သင်းသင်းဆွေ (မင်္ဂလာဈေး)တို့၏ မိခင်၊မြေး၊ငါးယောက်တို့၏အဘွားသည် ၄-၃-၂၀၀၄ရက်(ကြာသပတေးနေ့) ည ၁၀:၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၃-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ဂင်ကြူ (မြိတ်)
သဒ္ဓမ္မရံသီရိပ်သာယောဂီ
အသက်(၆၅)နှစ်

မြိတ်မြို့နေ(ဦးတူးဝါ-ဒေါ်အုန်းတင်)တို့၏ သမီး၊ ဦးဘန်ဟို(ခ)ဦးသန်းလွင်-ဒေါ်ရှုကြည်တို့၏ညီမ၊ဦးဘန့်စု(ခ)ဦးအောင်လှိုင်-(ဒေါ်အမာ)၊ဦးစောနောင်-ဒေါ်ခင်မမ၊ ဦးသိန်းထွဋ်-ဒေါ်ဂင်လွမ်(ခ)ဒေါ်လေးဖြူ၊ ဦးရဲထွဋ်ဘွား-ဒေါ်ရှင်ရှင်ဆွေတို့၏အစ်မသည် ၆-၃-၂၀၀၄ရက် (စနေနေ့)တွင် ရန်ကုန်မြို့၊ တိုက် ၁၅၊ အခန်း ၁၀၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ် နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၀၄ ရက်(တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်နှင့် မြိတ်အသင်းမှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမတစ်စု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pi Leng Ci(Julie Nu)
အသက်(၄၇)နှစ်

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ Bung Tang ရွာနေ Pu Zung Mang- Pi Lal Mawi တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊(၄၅)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၁၂၄၈ နေ Pu Za Nawl ၏ဇနီး၊ Julie Zai Sung-Hmung Uk၊ Dawt Hlei Zing၊ Tin Kip (၃နှစ်၊ စိတ်ပညာ)၊ Duh Bik Cung (၃နှစ်၊ သမိုင်း)၊ Thla Bor Cin(ပနှစ်၊ အင်္ဂလိပ်စာ)တို့၏ မိခင်သည် ၅-၃-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၈-၃-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [LBC Centre၊ လှိုင်သီရိအိမ်ရာ၊ ယုဇနဥယျာဉ်မြို့တော်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

မောင်အောင်မြင့်ကြိုင်
အသက်(၃၃)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ် ၁၆-၅/၇၈၈၊ ပတ္တမြား၂လမ်းနေ ဦးမြဟန်-(ဒေါ်ခင်စိန်)တို့၏ သား၊ဗဟန်းမြို့နယ်၊ယောဇနရာမပရိယတ္တိစာသင်တိုက်နေ ဦးကုသလ၊ ကိုမျိုးတင့်ဆွေ(A-1 ဆောက်လုပ်ရေး)-မတင်မြင့်မြင့်၊ မောင်ဌေးလွင်၊ မောင်ညီညီသိန်း-မနွဲ့နွဲ့ဝင်းတို့၏ညီမောင်၊ မဇင်သန္တာဆွေ၊ မောင်မြတ်မင်းသူ တို့၏ ဦးလေးသည် ၆-၃-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၈-၃-၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် မြောက်ဥက္ကလာပ အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ထွေးလင်း (သီပေါမြို့)
အသက်(၈၇)နှစ်

သီပေါမြို့၊ မြန်မာရပ်၊ အမှတ် ၅၇၊ ကံကော်လမ်းနေ (ဦးချစ်ဆွေ၊ မြူနီစီပယ်အမှုဆောင်အရာရှိချုပ်၊ တောင်ကြီးမြို့)၏ဇနီး၊ ဦးစိုင်းကျော်-ဒေါက်တာတင်တင်ဆွေ(လားရှိုးမြို့)၊ ဒေါ်ညွန့်ညွန့်ဆွေ၊ ဗိုလ်မှူးမြင့်ဆွေ-ဒေါ်သီတာရွှေ(မန္တလေးမြို့)၊(ဦးညီလေးဆွေ)-ဒေါ်ဝေဝေဟန်၊ ဦးမျိုးညွန့်-ဒေါ်စန်းစန်းဆွေ (တောင်ကြီးမြို့)၊ ဦးတင့်ဆွေ-ဒေါ်စိုးစိုးမြင့်၊ ဦးမြတ်ဆွေတို့၏မိခင်၊မြေး ၁၄ ယောက်တို့၏ အဘွားသည် ၅-၃-၂၀၀၄ ရက်(သောကြာနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၀၄ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှသီပေါမြို့၊ နမ့်မိန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဒေါ်စိုးစိုးနွယ်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာန
အသက်(၃၆)နှစ်

၆-၃-၂၀၀၄ရက် (စနေနေ့) ဈာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ အဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ၊ စီမံ/စီးပွားဝန်ကြီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့မှ အရာထမ်း၊ အမှုထမ်းများ၊ M.B.A IIနှင့် D.M.A IIတို့မှ သူငယ်ချင်းများ၊MAA နှင့်MCC သင်တန်းကျောင်းများမှ တာဝန်ရှိသူများနှင့် သင်တန်းသူ သင်တန်းသားများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့ကြသူများနှင့် လိုက်ပါပို့ဆောင်ကြသူများအားလုံးအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးနွယ်[B.Sc (IC), D.C. Sc, DMA II]အသက်(၃၆)နှစ်သည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၅:၄၅နာရီတွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့မိသားစု။**

ကျေးဇူးတင်ရှိခြင်း

၂၆-၂-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့သော ကိုဝင်းကျော်သူ(ခ) ကိုခွန်းအောင်၏ ၂၉-၂-၂၀၀၄ရက်တွင် ပြုလုပ်ပြီးစီးခဲ့သော ဈာပနအစီအစဉ်၊ ၃-၃-၂၀၀၄ ရက်တွင် ရန်ကုန်မြို့နေအိမ်၌ အောက်မေ့ဖွယ်သတိရဆုတောင်းပြုခြင်းအစီအစဉ်နှင့် ၆-၃-၂၀၀၄ရက်တွင် မြစ်ကြီးနားမြို့နေအိမ်၌ အောက်မေ့ဖွယ်သတိရ ဆုတောင်းဝတ်ပြုခြင်း အစီအစဉ်၊ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသော ရန်ကုန်မြို့ မြစ်ကြီးနားအသင်းမှ အမှုဆောင်လူကြီးများနှင့် အသင်းသားများ၊ရန်ကုန်မြို့ လမ်းမတော်နှစ်ခြင်းအသင်းတော်၊ ရန်ကုန်မြို့ ကချင်နှစ်ခြင်းအသင်းတော်၊ မြစ်ကြီးနားမြို့ နှစ်ခြင်းအသင်းတော်များမှဓမ္မအမှုဆောင်များ၊ အသင်းသူအသင်းသားများနှင့် နေ့စဉ်၊ ညစဉ်မိသားစုနှင့်အတူ နှစ်သိမ့်ခွန်အားပေးခဲ့ကြသော ရန်ကုန်မြို့၊ မြစ်ကြီးနားမြို့မှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဘုတလင်မြို့နယ်၊သမ္မတောရွာတွင် ၇-၂-၂၀၀၄ ရက်၌ကွယ်လွန်သွားခဲ့သော သမီးလေး မနီလာဝင်းနှင့် သားလေး မောင်အောင်ဇော်ဟိန်းတို့၏နာရေးကိစ္စတွင်ကူညီဆောင်ရွက်ပေးခဲ့ကြသော မုံရွာမြို့၊ ရတနာပုံရပ်မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ပေ ၈၀ ကားဂိတ်မှ အပေါင်းအသင်းများ၊ ဘုတလင်မြို့နယ် ယုန်လေးကုန်း အလကမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဘုတလင်မြို့နယ် သမ္မတောကျေးရွာမှ ရွာသူရွာသားများ၊ ဘုတလင်မြို့နယ် ညောင်သူများ ကျေးရွာမှ အပေါင်းအသင်းများအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်မြမြသန်း(ဈေးကလေး)
(မြောင်းမြမြို့)
အသက်(၆၄)နှစ်

မြောင်းမြမြို့နေ (ဦးမောင်လှိုင်-ဒေါ်ကြည်ကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၃၇၊ ဈေးကလေး ၄လမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးအောင်ကြည်၏ ဇနီး၊ ဦးဇော်ဝင်းအောင်(မြို့နယ်အလုပ်အမှုဆောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း)၊ ဦးမျိုးမင်းအောင်၊ ဦးဥာဏ်လင်းအောင် (မြို့နယ်အလုပ်အမှုဆောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း)တို့၏မိခင်၊ ဦးလှဝင်း-ဒေါ်ဌေးရည်၊ ဦးခင်မောင်ရီ-ဒေါ်ခင်မူမူ၊ ဦးသန်းလှိုင်၊ (ဦးသန်းဇော်မြင့်)-ဒေါ်တင်တင်လှိုင်၊ ဦးဝင်းအောင်-ဒေါ်မာမာလှိုင်၊ ဦးဇော်နိုင်-ဒေါ်တင်တင်ဌေး၊ ဦးကျော်နိုင်-ဒေါ်တင်ဌေးတို့၏အစ်မသည် ၅-၃-၂၀၀၄ ရက် (သောကြာနေ့) ညနေတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစိန်ထွန်း
(မော်လမြိုင်)
အသက်(၈၄)နှစ်

အင်းစိန်မြို့၊အမှတ် ၄(ဘီ)၊ သာယာအေး ၂ လမ်းနေ ဆရာမဒေါ်လှရှင်(အမှတ်၆ အထက(ငြိမ်း)မော်လမြိုင်)၏ခင်ပွန်း၊ ဦးလှထွန်း-ဒေါ်မရမ်ခါးတောင်(မ်)၊ ဦးခင်ထွန်း(T.Y.W Co., Ltd.)-ဒေါ်နြူးရယ်၊ ဦးမင်းစိုးလွင်-ဒေါ်မေရီစီစီအေး၊ ဦးမြတ်ထွန်းဦး-ဒေါ်ခင်အေးမြင့်တို့၏ဖခင်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့အဘိုးသည် ၅-၃-၂၀၀၄ ရက်(သောကြာနေ့)ညနေ ၄:၂၀ နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၃-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၀နာရီတွင် အမှတ် ၄၂၊သာယာအေး ၁လမ်း၊ တောင်သူကုန်းရပ်၊ အင်းစိန်မွန်နှစ်ခြင်းအသင်းတော်တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးဂိုဏ်းပေါင်းစုံခရစ်ယာန်သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဝင်းဌေး(ခ)ကိုငယ်
မြန်မာ့သစ်လုပ်ငန်း၊ ဖလုံ
အသက်(၄၆)နှစ်

အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ် ၇၁၈ နေ (ဗိုလ်ကြီးမောင်ငွေ)-ဒေါ်တင်အေးတို့၏သား၊ တိုက်ကြီးမြို့နယ်၊ ဖလုံကျေးရွာ၊ အမှတ် ၁၀၀၊ သစ်စက်ဝင်းနေ ဦးသောင်းငွေ-ဒေါ်အုံး တို့၏သားသမက်၊ ဦးမြင့်စိုး-ဒေါ်ခင်မာချို၊ ဦးဌေးအောင်-ဒေါ်မေရီကျော်တို့၏ညီ၊ ဦးမောင်မောင်လွင်-ဒေါ်စန်းစန်းမြင့်၊ ဦးဝင်းထွန်း-ဒေါ်သီတာထွေး၊ ဗိုလ်မှူးခင်မောင်ဝင်း-ဒေါ်နှင်းသီတာမောင်၊ ဦးလှထွန်းမော်-ဒေါ်ခင်နန်းယု၊ ဦးကျော်ဇင်မင်း-ဒေါ်နီလာဌေး၊ဗိုလ်မှူးယဉ်ထွေး-ဒေါက်တာဒေါ်နီနီဇော်တို့၏ အစ်ကို၊ မစန်းစန်းညို၏ ခင်ပွန်းသည် ၆-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၀၄ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စန်းရီ
(Betty Mya)B.A
စိန့်ဖရန့်စစ်ကျောင်းသူဟောင်း
ဦးစီးအရာရှိ(ငြိမ်း)၊
အကျဉ်းဦးစီးဌာန
အသက်(၆၃)နှစ်

ပုဂံမြို့သစ်၊ စိမ်းမြသီတာစတိုးနေ (ဦးမောင်မောင်ရီ) - ဒေါ်ရင်ရင်စိုး၊ ရန်ကုန်မြို့နေ ဦးဆန်းဒေး-ဒေါ်သန်းသန်းစိုး၊ ဦးဇော်မင်း-ဒေါ်ဝင်းဝင်းမြင့်တို့၏ညီမ၊ တူ တူမကိုးယောက်တို့၏ အဒေါ်၊ မြေးတစ်ယောက်၏ အဘွားသည် ၆-၃-၂၀၀၄ရက် နံနက်၆နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆-၃-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရမ္မာဝတီ
သဒ္ဓမ္မပါလပရိယတ္တိစာမေးပွဲကြီး၏ဩဝါဒါစရိယ
ဘဒ္ဒန္တ သောဘိတမထေရ်
သက်တော်(၇၈)နှစ်၊ ဝါတော်(၅၈)ဝါ

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လက်ပံအဝကျောင်းသစ် ဦးစီးပဓာနနာယက ဘဒ္ဒန္တသောဘိတ မထေရ်မြတ်သည် ၁၃၆၅ခုနှစ် ဝါဆိုလဆန်း ၁၂ရက် ည၈:၃၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၃၊ ၁၄၊၁၅ရက်တို့၌ အန္တိမအဂ္ဂိဈာပန သာဓုကိဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
တပည့်ဒါယကာ ဒါယိကာမများ။

ဦးစိုးမြင့် (မလက်တို)
အသက်(၇၅)နှစ်

(ဦးဘရင်-ဒေါ်စိန်တင်)တို့၏သား၊ (ဦးဝေလယား-ဒေါ်သိန်းညွန့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၉၆၊ ၅လမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်စန်းရီ၏ခင်ပွန်း၊ (ဦးကျော်ဆိုင်-ဒေါ်သန်းမေ)၊ (ဦးထွန်းသောင်း)၊ ဒေါ်သန်းစိန်တို့၏ညီမောင်၊ ဦးကျင်၊ ဒေါ်သန်းမြင့်၊ ဦးတိုးအောင်၊ ဒေါ်လှမြိုင်တို့၏အစ်ကို၊ ဦးတင်မောင်ဆန်း၊ ဦးသန်းဦး၊ ဒေါ်အေးအေးသန်း၊ ဦးစိန်တင့်၊ ဒေါ်ယဉ်ယဉ်မြင့်၊ (ဦးမြကြည်)၊ (ဦးမျိုးခင်)တို့၏ဖခင်၊ မတင်မေဦး၊ မောင်သန်းနိုင်စိုး၊ မောင်မြတ်သူ၊ မောင်ကျော်လင်းထက်တို့၏ အဘိုးသည် ၅-၃-၂၀၀၄ ရက် (သောကြာနေ့) ည ၁၀:၅၀ နာရီတွင် ကွယ်လွန်ပါ၍ ၇-၃-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

အရာခံဗိုလ်ပေါ်ငြိမ်း (ငြိမ်း)
အသက်(၆၇)နှစ်

စစ်ကိုင်းမြို့နယ်၊ မင်းရွာကြီးကျေးရွာနေ (ဦးစံတင်-ဒေါ်ပန်းသီ)ဒေါ်ကြည်တို့၏သား၊ တံတားဦးမြို့နယ် ရခိုင်ချောင်းကျေးရွာနေ (ဦးပု)-ဒေါ်သန်းရီတို့၏ သားသမက်၊ တပ်ကြပ်ကြီးထွန်းဝင်း-ဒေါ်စန်းစန်းငြိမ်း၊ ဗိုလ်ကြီးတင်မောင်ဝင်း-ဒေါ်မြင့်မြင့်အေး၊ မောင်ဆန်းဝင်း၊ မောင်မြင့်သိန်းဝင်း-မအုန်းသန်းတို့၏ ဖခင်၊ မင်္ဂလာဒုံမြို့နယ် လေးဒေါင့်ကန်ကျေးရွာ ၈ လမ်း၊ အမှတ် ၅ နေ ဒေါ်တင်ဝင်း၏ခင်ပွန်း၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၆-၃-၂၀၀၄ ရက် (စနေနေ့) နံနက်၄နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၃-၂၀၀၄ ရက် (တနင်္လာနေ့)တွင် ပေါင်းငူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးခင်မောင်ကြီး
ကုန်သွယ်ရေး၊စား/ထွေ(ငြိမ်း)
ဥက္ကဋ္ဌ၊
ပန်းခရေသမဝါယမလီမိတက်
အသက်(၆၆)နှစ်

အမှတ် ၂၁၃၊ ရွှေဘုံသာလမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နေ(ဦးဘချစ်တင်)-ဒေါ်ခင်စောမူတို့၏ သား၊ မုံရွာမြို့နေ (ဦးကြွာမြင့်-ဒေါ်ခင်မာထွန်း)တို့၏သားသမက်၊ အမှတ် ၃၆၊ (မြေညီထပ်)၊ ရွှေဘုံသာအောက်လမ်းနေ (ဦးဘဝင်း-ဒေါ်အမာ)တို့၏ မွေးစားသား၊ ဒေါ်ရီလာမြင့်(ပန်းခရေသ/မ လီမိတက်)၏ခင်ပွန်း၊ မောင်ကြည်ဝင်း၊ (မောင်ထွန်းထွန်းလှိုင်)၊ မောင်ဇော်ဇော်ဦး၊ (မောင်မြင့်ဆွေ)၊ မောင်စိုးဝင်းထွန်းတို့၏ ဖခင် သည် ၆-၃- ၂၀၀၄ ရက် မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၀၄ ရက် (တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကံကောင်း(ခ)ငြိမ်းချမ်း
B.A (DSA) အပတ်စဉ်(၄၅)
အသက်(၂၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ(ဦးဟာစတာဗဟာဒူး)-ဒေါ်ဂူမား၊ ကလောမြို့၊ငါးနှစ်ကောင်ကျောက်တိုက်နေ (ဦးမောင်မောင်-ဒေါ်ညွန့်ညွန့်)တို့၏ မြေး၊ ရန်ကင်းမြို့နယ်၊ ၃၀၄ ရိပ်သာ၊ လိုင်း ၁၆၀/၅ နေ ဒုအရာခံဗိုလ်ထင်ကျော်(ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်အေးအေးမြင့်တို့၏သားကြီး၊ မောင်သန်းဇော်ဌေး-မယုဇနထင်ကျော်၊ မောင်မင်းချစ်-မနွယ်နီထင်ကျော်တို့၏မောင်၊ မောင်အောင်မင်းထင်၏ အစ်ကိုဖြစ်သူ ဗိုလ်ကံကောင်းသည် ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃:၁၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အုံးကြည် (သထုံ)
အသက်(၈၇)နှစ်

သထုံမြို့နေ (ဦးဘခင်-ဒေါ်ဖွားအို)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ အမှတ် ၂၄၉ နေ ဒေါ်ခင်ပု၏ညီမ၊ ဦးလှကြည်၏အစ်မ၊ ဦးသက်နိုင်-ဒေါ်တင်ဝင်းကြည်တို့၏ အကြီးသည် ၃-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ၄:၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စန်းရီ
(Betty Mya)B.A
စိန့်ဖရန့်စစ်ကျောင်းသူဟောင်း
ဦးစီးအရာရှိ(ငြိမ်း)၊အကျဉ်းဦးစီးဌာန
အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ (ဦးမြ-ဒေါ်သန်း)တို့၏သမီး၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၂)ရပ်ကွက်၊လမ်း၂၀၊ အိမ်အမှတ် ၄၃၈ နေ ဦးဌေးလှိုင်၏ ဇနီး၊ Dr. မိုးလှိုင်(သွားခံတွင်းဆရာဝန်၊ ပြည်သူ့ဆေးရုံ၊ မုဆယ်မြို့)-ဒေါ်ယုယုဝင်း(Max အချိုရည်စက်ရုံ)တို့၏မိခင်၊ မခိုင်ရွှေစင်မိုး၏အဘွား၊ (ဦးသိန်းဌေး-ဒေါ်တင်တင်မြ)၊ ဦးသန်းစိန်-ဒေါ်ခင်ခင်မြ၊ ဦးမောင်မောင်ကြီး-ဒေါ်သင်းသင်းမော်တို့၏ညီမ၊ ဦးသိန်းလှညို- (ဒေါ်ခိုင်ခိုင်လင်း)၊ ဦးမြသောင်းတို့၏အစ်မ၊ Dr.ဇော်ဌေး-ဒေါ်ခင်စန်းရီ၊ တူတူမ ခြောက်ယောက်တို့၏အဒေါ်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၆-၃-၂၀၀၄ရက်(စနေနေ့) နံနက်၆နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးတင်ထွဋ် B.A(Philo)
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
ဗဟိုစာရင်းရုံး
အသက်(၅၈)နှစ်

ရန်ကုန်မြို့နေ (ဦးသန်းညွန့်)-ဒေါ်မြသန်းတို့၏သားကြီး၊ (ဦးမောင်မောင်-ဒေါ်စောရီ) (ဝက်လက်)တို့၏ သားသမက်၊ ဒေါ်ခင်ခင်အုန်း (မြို့နယ်ဦးစီးမှူး၊ မင်းကင်းမြို့နယ်၊ စာရင်းစစ်ရုံး)၏ခင်ပွန်း၊ မအိခိုင်ဇင်ထွဋ်(ဂုဏ်ထူးတန်း IR)၊ မစုလှိုင်တင်ထွဋ်(တတိယနှစ်၊ စီးပွားရေးတက္ကသိုလ်)တို့၏ဖခင်သည် ၅-၃-၂၀၀၄ ရက် ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၀၄ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၅၀၂ နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဦးတင်သန်း
လ/ထကြီးကြပ်ရေးမှူး
(ရထားထိန်း)
မြန်မာ့မီးရထားတိုင်း(၆)၊ရန်ကုန်
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အလုံလမ်း၊ ခြံအမှတ်၂၁၅နေ ဦးတင်မောင်-ဒေါ်သိန်းမြတို့၏သား၊ (ဦးမြမောင်)-ဒေါ်ခင်တင့်တို့၏သားသမက်၊ ဒေါ်ပြုံးပြုံးဝင်း၏ခင်ပွန်း၊ဦးကိုကိုကြီး(လ/ထ မန်နေဂျာ၊ သစ်တောဦးစီးဌာန)-ဒေါ်မြကြည်၊ ဦးတင်သိန်း(ပါဆယ်စာရေးကြီး၊ မြန်မာ့မီးရထား)-ဒေါ်ခင်မာကြည်၊ ဒေါ်ကြည်ဥတို့၏ညီမောင်၊ ထွန်းလင်းအောင်(မြန်မာ့မီးရထား)၊ ပြည့်ဖြိုးသူ၊ ကျော်ဇင်ဟန်၊ ကျော်လင်းဟိန်းတို့၏ ဖခင်၊ကြည်ပြာစမ်း၊ အောင်ဘောဇာထက်၊ ဇာခြည်သိန်း၊ ဇာခြည်လင်းတို့၏ ဦးလေးသည် ၆-၃-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၈-၃-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်၏မျှော်မှန်းချက်နှင့်လည်း နိုင်ငံတော်ဆရာနှင့်ကျောင်းသားကျောင်းသူလက်တွဲ ပညာရေးမြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို တည်ဆောက်သွားကြ

✡ *ရှေ့ဖုံးမှ*

ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘားအံတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ဘားအံတက္ကသိုလ်ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကရင်ပြည်နယ်အတွင်းရှိ ကျောင်းသားကျောင်းသူ လူငယ်များ အဆင့်မြင့်ပညာကို အဆင်ပြေချောမွေ့စွာ သင်ယူနိုင်ရန်အတွက် နိုင်ငံတော်က ဘားအံမြို့၌ ဖွင့်လှစ်ပေးထားသော ဘားအံတက္ကသိုလ်ကို တွေ့ရစဉ်။

ဓာတ်ပုံ-ထွေးကြည် (မြန်မာ့အလင်း)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နယ်မြေဒေသအလိုက်ပညာတတ်များပေါ်များမှပြည်နယ်၊တိုင်းအားလုံးဖွံ့ဖြိုးမည် ပြည်နယ်၊တိုင်းအားလုံးဖွံ့ဖြိုးမှအနာဂတ်နိုင်ငံတော်ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်မည်

- ✪ ဘားအံဒေသအပါအဝင် ကရင်ပြည်နယ်သည် ရှေးယခင်ကာလနှင့်မတူ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရပြီ။
- ✪ နိုင်ငံတော်အစိုးရကလည်း ဖွံ့ဖြိုးတိုးတက်မှု၌ နောက်ကျ ကျန်ရစ်ရသော ပြည်နယ် မဖြစ်ရအောင် ၊အခြားပြည်နယ်၊ တိုင်းများနှင့်အတူယှဉ်တွဲဖွံ့ ဖြိုးလာအောင် ဘဏ္ဍာငွေကြေး မြောက်မြားစွာ အကုန်အကျခံ၍ ကရင်ပြည်နယ်၌ လိုအပ်သော လမ်းများ၊ တံတားများကို တည်ဆောက်ပေးခဲ့။
- ✪ ပြည်နယ်အတွင်း အခြေခံပညာရော၊ အဆင့်မြင့်ပညာပါ လွယ်လင့်တကူ သင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ၊ ကောလိပ်များနှင့် ဘားအံတက္ကသိုလ်တို့ကို တိုးချဲ့ထူထောင်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်။
- ✪ အလားတူ ဆေးရုံ၊ဆေးပေးခန်းများကို တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်ခြင်းတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း မြင့်မားလာအောင်ဆောင်ရွက်ပေးလျက်ရှိ။
- ✪ နိုင်ငံတော်အစိုးရက စေတနာထား၍ တိုးတက်ဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် အခြေခံများကို တည်ဆောက်ပေးထားပြီဖြစ်ရာ ဒေသအပိုင်း၊ ပြည်နယ်အပိုင်းကလည်း မိမိဒေသ ဖူလုံရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြံစည်ကြိုးစားလုပ်ကိုင်။
- ✪ ဒေသတွင်း ဖူလုံမှုခိုင်မာပြီး စိုက်ပျိုးရေး၊ သားငါး၊စက်မှု စသည်ဖြင့် စီးပွားရေးကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှု တိုးတက်နေမှသာ ကရင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှုအားကောင်းပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာမည်။
- ✪ ပြည်နယ်၊တိုင်း တစ်ခုနှင့်တစ်ခုအကြား ပညာရေးအခွင့်အလမ်း ကွာဟမှုမရှိဘဲ နယ်မြေဒေသအလိုက် ပညာတတ်များ ပေါ်များလာမှသာ ကရင်ပြည်နယ်အပါအဝင် ပြည်နယ်၊တိုင်းအားလုံး ဖွံ့ဖြိုးပြီး အနာဂတ်ကာလ နိုင်ငံတော်သည်လည်း ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သည့် အဆင့်မီ နိုင်ငံတော် ဖြစ်ပေါ်လာမည်။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ကရင်ပြည်နယ်ခရီးစဉ်အတွင်းလမ်းညွှန်မှာကြားချက်မှ-